# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၄ ခုနှစ်၊ ဝါဆိုလကွယ်နေ့ | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၉၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များ အနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဇူလိုင် ၂၆

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❏

## ပြည်ပနိုင်ငံအချို့၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့က ထုတ်ပြန်ခဲ့သည် ထုတ်ပြန်ချက်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာကန့်ကွက်ပယ်ချ

နိုင်ငံတော်အတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်ပြီး လူမဆန်သည့် သတ်ဖြတ်ကျူးလွန်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရာတွင် စီစဉ်ညွှန်ကြားစီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်းတို့ကြောင့် တရားခံ (၄) ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်ပုဒ်မများအရ ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းအပေါ် ပြည်ပနိုင်ငံအချို့၊ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းအချို့က ဝေဖန်ပြစ်တင်သည့် ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လုံခြုံရေးအတွက် ၎င်းတို့ (၄) ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်ပုဒ်မများဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေးပြဋ္ဌာန်းချက်များနှင့် သဘောတူညီချက်များတွင်လည်း မည်သည့်အကြမ်းဖက်လုပ်ရပ်ကိုမဆို မည်သည့်အခြေအနေ၊ မည်သည့်အနေအထား၊ မည်သည့် အကြောင်းပြချက်နှင့်မျှ ကျူးလွန်ခြင်းကို လက်ခံခြင်းမပြုကြောင်းနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူရန် ပြဋ္ဌာန်းဖော်ပြထားသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❍

## မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်း (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်မည်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာ့ရိုးရာ အားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်းသည် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပြန်လည်ပါဝင်လာမည် ဖြစ်သည်။

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပမည်ဖြစ်ပြီး ကမ္ဘောဒီးယား အိုလံပစ်ကော်မတီသည် လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ချီးမြှင့်မည့် အားကစားနည်း ၃၉ မျိုး၊ သရုပ်ပြအားကစားနည်း တစ်မျိုး စုစုပေါင်း အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည် ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ●



၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ရရှိခဲ့သည့် မြန်မာခြင်းလုံးအသင်း ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-သော်ကြီး


**ယနေ့ ဖတ် စ ရာ**

နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) မိဘပြည်သူများသို့ အသိပေးပန်ကြားခြင်း — ပြည်တွင်းသတင်း စာ -၂

အယ်ဘေးနီးယားသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု ပထမနှစ်ဝက်အတွင်း ၂ ဒသမ ၅ သန်း ကျော်ရှိလာ — နိုင်ငံတကာသတင်း စာ -၁၃

ဖွံ့ဖြိုးဝေစည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆီ — ဆောင်းပါး စာ - ၂၀

# အကြမ်းဖက်မှုကို သွယ်ဝိုက်အားပေးခြင်း

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့် ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်ပုဒ်မများအရ ပြစ်မှုထင်ရှားသဖြင့် တရားခံလေးဦးအား သေဒဏ်ချမှတ်ခဲ့ခြင်းအပေါ် အကျဉ်းထောင် လုပ်ထုံးလုပ်နည်းများအတိုင်း ပြစ်ဒဏ်စီရင်ခဲ့သည်။ လူ့အသက်များ သေကျေပျက်စီးရခြင်းသည် လူ့ကျင့်ဝတ်အရဖြစ်စေ၊ လူသားတို့၏ စိတ်ခံစားမှုအရဖြစ်စေ ဝမ်းသာကြည်နူးစရာ မဟုတ်ဘဲ ဝမ်းနည်းဖွယ်သာဖြစ်သည်မှာ လွန်စွာမှပင်သေချာလှသည်။ သို့ရာတွင် ပြစ်ဒဏ်စီရင်ခံခဲ့ရသူများ ကျူးလွန်ခဲ့သည့် ပြစ်မှုများ၏ အခြားတစ်ဖက်တွင် ပြစ်မှုကျူးလွန်ခံခဲ့ရသူတို့၏ အသက်များ၊ ဘဝများ၊ မိသားစုများ၊ အစားထိုးမရသည့် နစ်နာဆုံးရှုံးမှုများ၊ ဝမ်းနည်းပူဆွေးမှုများ ရှိနေသည်။

ပြစ်ဒဏ်စီရင်ခံခဲ့ရသူများသည် နိုင်ငံရေး တက်ကြွလှုပ်ရှားမှုများကြောင့်မဟုတ်ဘဲ အပြစ်မဲ့ပြည်သူများကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှုနှင့် အကြမ်းဖက်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်နိုင်ရန် စီမံခန့်ခွဲခြင်း၊ စီစဉ်ညွှန်ကြားခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင်ခြင်း စသည့်ပြစ်မှုများ ထင်ရှားရှိခဲ့သူများဖြစ်သည်။ နိုင်ငံရေးကို အကြောင်းပြသော်လည်း အကြမ်းဖက်ဝါဒကို ကိုင်စွဲကာ အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုများကို ကာယကံမြောက် ကျူးလွန်ခြင်းဖြင့် ၎င်းတို့၏လက်များမှာ သွေးများစွန်းထင်းနေခဲ့ပြီဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ပြစ်မှုကျူးလွန်ခဲ့သူ တရားခံများသည် ၎င်းတို့က သူလျှို၊ ဒလန်၊ အစိုးရ ဒေါက်တိုင်ဟု စွပ်စွဲခဲ့သူများအား ဖြေရှင်းခွင့်လည်းမပေး၊ အယူခံခွင့်၊ အသနားခံခွင့်လည်း မပြုဘဲ အပြီးတိုင် လက်စတုံးခဲ့ကြခြင်းဖြစ်ရာ အပြစ်မဲ့ အသက်ဆုံးရှုံးခဲ့ရသူတို့အတွက် တရားမျှတမှုရှိစေရမည် ဖြစ်သည်။

ဆိုခဲ့ပါ တရားခံများအား ပြစ်မှုထင်ရှားသေဒဏ်ချမှတ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံအချို့၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းအချို့တို့က ဝေဖန်ပြစ်တင်သည့် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြရာတွင် တရားခံတို့က လုပ်ကြံသတ်ဖြတ်ခဲ့သည့် အပြစ်မဲ့ပြည်သူများကို လျစ်လျူရှုမျက်နှာလွှဲခဲ့ခြင်း၊ ကျန်ရစ်သူမိသားစုဝင်များ၏ ထိခိုက်ခံစားမှုနှင့် ဆုံးရှုံးနစ်နာမှုတို့အပေါ် အသိအမှတ်ပြုမထားခဲ့ခြင်းတို့မှာလည်း အံ့သြဖွယ်နှင့် ဝေဖန်ပြစ်တင်ဖွယ်ပင်ဖြစ်သည်။ ထို့အပြင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ အစိုးရတစ်ရပ်အနေဖြင့် ဥပဒေနှင့်အညီ တရားစီရင်ရေး အာဏာကျင့်သုံးမှုအပေါ် ဝေဖန်ပြစ်တင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သလို အကြမ်းဖက်မှုများကိုလည်း သွယ်ဝိုက်အားပေးရာရောက်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံနှင့် မိုင်ထောင်ချီဝေးကွာသည့် ပြည်ပနိုင်ငံများသို့ တိမ်းရှောင်ခိုလှုံနေကြသည့် အကြမ်းဖက်အုပ်စုများမှ ဦးစီးဦးဆောင်ပြုနေသူများက မြန်မာနိုင်ငံအတွင်း၌ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ အရှိန်အဟုန်မြှင့်၍ ပြုလုပ်ရန်၊ ဘုန်းတော်ကြီးများနှင့် အလှူအတန်းပြုသူများကို လုပ်ကြံသတ်ဖြတ်ရန်နှင့် ကလေးသူငယ်များကိုပါမကျန် လုပ်ကြံသတ်ဖြတ်ရန် ရန့်ရင်းကြမ်းတမ်းစွာ၊ ယုတ်မာရိုင်းစိုင်းစွာ လှုံ့ဆော်သွေးထိုးမှုများကို ပြုလုပ်လျက်ရှိရာ ၎င်းတို့အား လက်ခံထားသည့် နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာမည့် အကြမ်းဖက်မှုများအတွက် တစ်နည်းတစ်ဖုံ တာဝန်ရှိနေမည်ဖြစ်ပါကြောင်း။ ။

THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT OF THE UNION

သတင်းထုတ်ပြန်ချက်

## တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခြင်း

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် စွဲဆိုသည့် တရားမမှုများနှင့်စပ်လျဉ်း၍ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ပါကြောင်း ပြည်ထောင်စု တရားသူကြီးချုပ်ရုံးက အသိပေးထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) မိဘပြည်သူများသို့ အသိပေးပန်ကြားခြင်း

- မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် အငြိမ်းစားလစာထုတ်ယူသူ အငြိမ်းစားဝန်ထမ်းဦးရေ (၇) သိန်းကျော်ရှိပြီး အငြိမ်းစားလစာများကို လစဉ် ၂၁ ရက်နေ့မှစ၍ ထုတ်ယူလျက်ရှိကြသည်။
- မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားလစာထုတ်ယူမှု အဆင်ပြေချောမွေ့စေရေးအတွက် e-pension စနစ်ကို ၂၀၁၂ ခုနှစ်မှ စတင်အသုံးပြုဆောင်ရွက်ပေးလျက်ရှိသည်။
- အငြိမ်းစားလစာငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းမှထုတ်ယူခြင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ငွေထုတ်ယူခြင်း၊ Myanmar Mobile Money (MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍ထုတ်ယူခြင်း၊ Mobile Agent များမှ တစ်ဆင့်ထုတ်ယူခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ကြောင်းကိုလည်း အသိပေးကြေညာထားပြီးဖြစ်သည်။
- မြန်မာ့စီးပွားရေးဘဏ်သည် အငြိမ်းစားလစာထုတ်ယူမှုများ အဆင်ပြေစေရန်အတွက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစ၍ ဘဏ်များတွင် e-pension စက်များ တိုးချဲ့တပ်ဆင်ပေးခြင်း၊ ငွေထုတ်ကောင်တာများတိုးချဲ့ပေးခြင်း၊ အငြိမ်းစားများစောင့်ဆိုင်းနိုင်ရန် နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း၊ ငွေထုတ်ပေးမှု မြန်ဆန်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ အငြိမ်းစားလစာ ထုတ်ပေးသည့်ရက်များတွင် ဘဏ်ဝန်ထမ်းများက ဘဏ်လုပ်ငန်းချိန်မတိုင်မီ နံနက် (၀၆:၀၀) နာရီမှစ၍ ဖွင့်လှစ်ပြီး အငြိမ်းစားလစာများအားထုတ်ပေးခြင်း၊ နောက်လအတွက် ကြိုတင်တိုကင်ထုတ်ပေး၍ သင့်တော်သည့် နေ့ရက်၊ အချိန်ခွဲခြား ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။
- နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များ အငြိမ်းစားလစာထုတ်ယူမှုနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများထံ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မေတ္တာရပ်ခံ အသိပေးပန်ကြားအပ်သည်။

**မြန်မာ့စီးပွားရေးဘဏ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားနည်းနေမည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သည့်အတွက် မုံရွာ - မန္တလေး ကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတွင် ပါလာသော အပြစ်မဲ့ ပြည်သူနှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရသည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာ ဆရာမများအား ခြိမ်းခြောက်၍ မော်တော်ဆိုင်ကယ်များအား လုယက်ယူဆောင်ခဲ့သည့် ဖြစ်စဉ်"** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကော့မှူးမြို့နယ် သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဇူလိုင် ၂၅ ရက်တွင် ကော့မှူးသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း ပြုလုပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများက သဘာဝရေပြင်အတွင်းသို့ လှော်ကား ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၅၀၀၀၀နှင့် လေးထောင့်ကန်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကောင်ရေ ၂၅၀၀၀၀ စုစုပေါင်းကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vinay Kumar ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်သည့် ကိုဗစ်-၁၉ ရောဂါနှင့် မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၆**

အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်သည့် ကိုဗစ်-၁၉ ရောဂါနှင့် မျောက်ကျောက်ရောဂါတို့နှင့် ပတ်သက်၍ နီးနွယ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါလှိုင်းကို လက်ရှိတွင် ထိန်းချုပ်ထားနိုင်သည့် အနေအထားတွင် ရှိသော်လည်း ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 နှင့် BA.5 ကူးစက်မှုများသည် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ BA.4 နှင့် BA.5 သည် ရောဂါပြင်းထန်မှုနည်းပြီး သေဆုံးမှုနည်းသော်လည်း ကူးစက်မှုနှုန်း မြင့်မားကြောင်း တွေ့ရှိရသဖြင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၊ မျိုးရိုးဗီဇသစ်ရှာဖွေခြင်း (Genomic Sequencing) လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရန် လိုပါကြောင်း။

ယခုအချိန်တွင် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ၌ ရောဂါပိုးတွေ့နှုန်း မြင့်တက်လာသဖြင့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းနှင့် ပတ်သက်သော လုပ်ငန်းလမ်းညွှန်များကို ပြင်ဆင်မှုများပြုလုပ်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရန်လိုအပ်ပြီး တစ်ပြိုင်နက်တည်းတွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝ မထိခိုက်စေရန် ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း၊ ရာသီတုပ်ကွေးရောဂါနှင့် မျောက်ကျောက်ရောဂါ ကာကွယ်ရေးနည်းလမ်းများသည် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် သဘောသဘာဝအားဖြင့် တူညီသည့်အတွက် တစ်ဦးချင်း လိုက်နာရမည့် ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မျောက်ကျောက်ရောဂါသည် ယခင်က ဖြစ်ပွားလေ့မရှိသော နိုင်ငံများ (Non-endemic countries)၌ပါ ရောဂါပျံ့နှံ့လာသဖြင့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (Public Health Emergency of International Concern) အဖြစ် ဇူလိုင်၂၃ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေ ဆန်းစစ်ချက် (WHO Risk Assessment) အရ မြန်မာနိုင်ငံတွင် လတ်တလော ရောဂါကူးစက်ဖြစ်ပွားသူ မတွေ့ရှိရသေးပါသဖြင့် အုပ်စု(၁)တွင် ပါဝင်လျက်ရှိပြီး ပြည်ပနိုင်ငံများမှတစ်ဆင့် ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့၏ အိမ်နီးချင်းနှင့် ကူးလူးဆက်ဆံမှုများပြားရာ နိုင်ငံများဖြစ်သော အိန္ဒိယ၊ ထိုင်း၊ စင်ကာပူနိုင်ငံများတွင် မျောက်ကျောက်ရောဂါ ဖြစ်ပွားသူများ တွေ့ရှိရသဖြင့် မျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို နီးနွယ်ဌာနများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း၊ မျောက်ကျောက်ရောဂါအတွက် ကာကွယ်ဆေးရရှိရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သော်လည်းကောင်း၊ အာဆီယံအဖွဲ့နှင့် သော်လည်းကောင်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတိုးသီရိအောင်က ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ သတ်မှတ်ထားရှိသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်က မျောက်ကျောက်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ဝန်ကြီးဌာနအလိုက် ပြင်ဆင်ထားရှိမှုများနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နိဂုံးချုပ်လမ်းညွှန်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❍ *ရှေ့ဖုံးမှ*

နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများသည် နိုင်ငံအချင်းချင်းဆက်ဆံရာတွင် တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ နိုင်ငံအချင်းချင်း တန်းတူညီမျှရှိမှုကို လေးစားလိုက်နာရေး အခြေခံမူများကို လိုက်နာကျင့်သုံးသွားရမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

ယခုကိစ္စတွင်လည်း မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာ(၃)ရပ်ကို တာဝန်ယူထားသည့် အစိုးရအနေဖြင့် တရားစီရင်ရေးအာဏာကို ဥပဒေနှင့်အညီကျင့်သုံး၍ အကြမ်းဖက်လုပ်ရပ်များနှင့် ကျူးလွန်မှုများကို ထိရောက်စွာ တားဆီးကာကွယ်ရန် ပြစ်ဒဏ်ချမှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ယခုကဲ့သို့ မြန်မာအစိုးရ၏ ဆောင်ရွက်ချက်အပေါ် ဝေဖန်ပြစ်တင်မှုများသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်ပြီး အကြမ်းဖက်လုပ်ရပ်များကို သွယ်ဝိုက်ပြီး အားပေးရာရောက်စေသည်ကို သတိပြုရန်ဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် သေဆုံး၊ ဒဏ်ရာရခဲ့ကြသည့် အပြစ်မဲ့ပြည်သူများနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံအဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့ရခြင်းများကို လျစ်လျူရှုပြီး ယခုကဲ့သို့ တစ်ဖက်သတ်ထုတ်ပြန်ခဲ့သည့် ကြေညာချက်များကို ကန့်ကွက်ပယ်ချလိုက်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ




**နေပြည်တော် ဇူလိုင် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင်နေထိုင်သည့် တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ပူးပေါင်း၍ မြန်မာ-အိန္ဒိယ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းအရ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အိန္ဒိယသမ္မတနိုင်ငံ၏ ကူညီမှုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၏ အောင်မြင်ဖြစ်ထွန်းမှု၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးတွင် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တောင်ကြီး MRTV ထပ်ဆင့်လွှင့်စက်ရုံနှင့် ညောင်ရွှေမြို့ ပြန်/ဆက်ရုံးတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ MRTV ထပ်ဆင့်လွှင့်စက်ရုံနှင့် ညောင်ရွှေမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။




ရှေးဦးစွာ တောင်ကြီးမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံ၌ MRTV တောင်ကြီးဇုန်နယ်မှူးနှင့် တောင်ကြီး ထပ်ဆင့်လွှင့်စက်ရုံမှူးတို့က စက်ရုံနှင့် တာဝါတိုင်များ ကြံ့ခိုင်မှု၊ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ ကြံ့ခိုင်မှုပြုလုပ်ရေး၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် ကယားပြည်နယ်အတွင်းရှိ Analogue စနစ်ဖြင့် တစ်လိုင်းတည်း ထုတ်လွှင့်နေသော ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများတွင် DVB-T2 စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ထုတ်လွှင့်ပေးနိုင်ရန် ကန့်သတ်ချက်ရှိပါက DTH စနစ်ဖြင့် ကြည့်ရှုနိုင်ရေး တင်ပြဆောင်ရွက်ရန် မှာကြားသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် ထပ်ဆင့်လွှင့်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေး၍**(အပေါ်ပုံ)** ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ရုံးအတွင်း ခင်းကျင်းပြသထားသည့် ပြတိုက်ငယ်နှင့် နံရံကပ်စာစောင်များကိုလည်းကောင်း၊ ကလေးစာဖတ်ခန်းနှင့် စာကြည့်တိုက်လုပ်ငန်းအား e-library စနစ် ပြောင်းလဲကျင့်သုံးနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက ညောင်ရွှေမြို့သည် ကမ္ဘာလှည့် ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်သော မြို့တစ်မြို့ဖြစ်သဖြင့် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ပတ်သက်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်ရန် စီစဉ် ဆောင်ရွက်သင့်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ခရိုင်နှင့် မြို့နယ်တိုင်းတွင် ဖွင့်လှစ်ပေးထားပြီးဖြစ်၍ မိမိတို့၏ ရုံးများ၊ စာကြည့်တိုက်များတွင် လူငယ်များနှင့် ပတ်သက်သည့် အစီအစဉ်များ၊ လှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်၍ လူငယ်များအခြေပြုရာ နေရာဌာနတစ်ခု ဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

**လစဉ်ထောက်ပံ့ပေးတော့မည်**

စာကြည့်တိုက်တွင် လူငယ်များ ဖတ်ရှုလိုသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာအုပ်စာစောင်များ၊ အသိပညာဗဟုသုတရရှိနိုင်သည့် စာအုပ်စာစောင်များကို ဦးစားပေးထားရှိပေးစေလိုကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ငှားစရိတ်ခံစားခွင့်များကို လစဉ်ထောက်ပံ့ပေးတော့မည်ဖြစ်သဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ပိုမိုဖော်ဆောင်ကြိုးပမ်းကြစေလိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက အချင်းချင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကာ အဖြေရှာဆောင်ရွက်ရန်နှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ဆောင်ကြရန် ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် လျင်မြန်ချောမွေ့စေရေး ပြည်သူ့ဝန်ဆောင်မှု (One Stop Shop)ရုံးနှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတို့ကို ကြည့်ရှုစစ်ဆေး

**ဘားအံ ဇူလိုင် ၂၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဘားအံမြို့ စုပေါင်းရုံးရှိ ပြည်သူ့ဝန်ဆောင်မှု (One Stop Shop) ရုံးနှင့် အမှတ် (၄)ရပ်ကွက် သီရိလမ်းပေါ်ရှိ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**



ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် ပြည်သူများ၏ အားကိုးယုံကြည်မှု တိုးပွားလာစေရေးအတွက်လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်သူ့ဝန်ဆောင်မှု (One Stop Shop) ရုံးတွင် ဌာနဆိုင်ရာ ၁၁ ဌာနမှ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဝန်ထမ်းများအား အလှည့်ကျ တာဝန်ချထားပေးမှုအခြေအနေ၊ ဒေသခံပြည်သူများမှ ဝန်ဆောင်မှု လုပ်ငန်းများကို အားကိုး ယုံကြည်စွာဖြင့် လာရောက်လုပ်ကိုင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အစဉ်လည်ပတ်ချောမွေ့နေစေရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့နယ် စုပေါင်းရုံးရှိ ဌာနဆိုင်ရာရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ စည်းကမ်းတကျဖြင့် တာဝန်ထမ်းဆောင်နိုင်ရေး၊ ရုံးလုပ်ငန်းသုံး စက်ကိရိယာ၊ ပရိဘောဂများ စည်းကမ်းတကျ ပြင်ဆင်ထိန်းသိမ်း သုံးစွဲနိုင်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ် (၄) ရပ်ကွက် သီရိလမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး၌ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေး လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ နိုင်ငံကူးလက်မှတ် ဆောင်ရွက်နေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၂၆



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုကော်မတီ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ သယံဇာတရေးရာ ဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရရှိစေရေးအတွက် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုသာမက သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများသည် စီးပွားရေးနှင့် လူမှုဘဝတိုးတက်မြင့်မားရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့်အတူ ပါရီသဘောတူညီချက်အရ နိုင်ငံအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်တွင် ပါဝင်သည့် ကဏ္ဍအလိုက် ရည်မှန်းချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း။

ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် ပတ်ဝန်းကျင် အရည်အသွေးထိန်းချုပ်ရေးကို တစ်ပါတည်း လက်တွေ့ကျင့်သုံး ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်မှုကော်မတီများက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူး တို့က ကဏ္ဍအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအပေါ် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာန၏ မှတ်တမ်းပုံစံ (၁)များအား Scanner ဖြင့် ဖတ်ရှုမှုနှင့် အင်းစိန်မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ပါ အချက်အလက်များအား ကွန်ပျူတာများဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၆**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာန၏ မှတ်တမ်းခန်းသို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းက လူတစ်ဦးချင်းစီ၏ နိုင်ငံသားဆိုင်ရာ ကိုယ်ရေးအချက်အလက် မှတ်တမ်းပုံစံ (၁) များ ထိန်းသိမ်းထားရှိမှု၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံသားဆိုင်ရာ မှတ်တမ်းပုံစံ(၁) များအား Scanner ဖတ်ကာ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မှတ်တမ်းပုံစံ(၁)များအား Scanner ဖတ်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့်တွေ့ဆုံကာ မဲစာရင်းမှန်ကန်စေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် နိုင်ငံသားကတ်ပြား ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) ပါ အချက်အလက်များကို ကွန်ပျူတာများဖြင့် ဖြည့်သွင်း၍ နေပြည်တော်ရုံးချုပ် Server သို့ ပေးပို့ဆောင်ရွက်သည့် လုပ်ငန်းကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ယခုလုပ်ငန်းစဉ်ဖြစ်သည့် နိုင်ငံသားဆိုင်ရာ ကိုယ်ရေးအချက်အလက်မှတ်တမ်းပုံစံ (၁) များကိုလည်း Scanner ဖတ်ထိန်းသိမ်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပုံစံ(၁) မှတ်တမ်းများသည် နိုင်ငံသားဖြစ်မှုကို ဥပဒေအရ စိစစ်ရာတွင် အရေးကြီးသည့် အထောက်အထား မှတ်တမ်းမှတ်ရာများဖြစ်ရာ ပျောက်ပျက်မှုမရှိစေရေးအတွက် ယခုကဲ့သို့ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရခြင်းဖြစ်သည်ကို ဝန်ထမ်းများအားလုံး သိရှိနားလည်ထားကြရန် လိုကြောင်း၊ မှတ်တမ်းပုံစံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် အဘက်ဘက်က တွေးတောကြံဆ ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လုံခြုံရေးဆိုင်ရာ စီမံချက်များ ရေးဆွဲကာ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက မှတ်တမ်းပုံစံ (၁) များကို Scanner ဖတ် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မှတ်တမ်းခန်းများအတွင်း ပုံစံ (၁) စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန် GTI)သို့ သွားရောက်၍ ကျောင်းခန်းမအတွင်း မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ဆက်စပ်ဌာနများမှ ဝန်ထမ်းများနှင့် လုပ်အားပေးလူငယ်များက မဲစာရင်းမှန်ကန်ရေးအတွက် စိစစ်ဆောင်ရွက်ရာတွင် လိုအပ်သည့် မြို့နယ်ရုံးရှိ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ပါ အချက်အလက်များ ကွန်ပျူတာများဖြင့် ဖြည့်သွင်းကာ နေပြည်တော်ရုံးချုပ်ရှိ Server သို့ ပေးပို့ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းဆောင်ရွက်နေကြသူများကို ယခုလုပ်ငန်းစဉ်သည် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နိုင်-၄ မှတ်တမ်းများနှင့် ယခုဆောင်ရွက်နေသည့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ၏ အချက်အလက်များကို ရုံးချုပ် Server သို့ ဖြည့်သွင်းပေးပို့ဆောင်ရွက်ပြီးပါက အနာဂတ်တွင် ဆောင်ရွက်မည့် မဲစာရင်းမှန်ကန်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ယင်းလုပ်ငန်းစဉ်များနှင့် ဆက်စပ်၍ မိမိတို့ဌာနမှ ဆောင်ရွက်နေသည့် e-ID စနစ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆောင်ရွက် နေသူများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

● *ရှေ့ဖုံးမှ*

၂၀၁၃ ခုနှစ်တွင် စတင်ပါဝင်လာသည့် ခြင်းလုံးအားကစားနည်းမှာ လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် လေးကြိမ်မြောက် ပါဝင်လာခြင်းဖြစ်သည်။ မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်းကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး ယင်းပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီးပွဲစဉ် နှစ်ခုစလုံး ပါဝင်ခဲ့သည်။ ၂၀၁၅ စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၁၇ မလေးရှားဆီးဂိမ်း ပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်း ထပ်မံပါဝင်ခဲ့သော်လည်း အမျိုးသားပွဲစဉ်များသာ ပါဝင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်း ပြိုင်ပွဲတို့တွင်မူ ပါဝင်ခြင်းမရှိဘဲ ၂၀၂၃ ဆီးဂိမ်း ပြိုင်ပွဲမှ တစ်ကျော့ပြန် ပါဝင်လာခြင်းဖြစ်သည်။ ခြင်းလုံးအားကစားနည်းကိုမူ ပိုက်ကျော်ခြင်း အားကစားနည်းနှင့်အတူ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း အတည်ပြုထားသော်လည်း ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားများနှင့် အမျိုးသမီးပွဲစဉ်ပါဝင်ခြင်း ရှိ မရှိ ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

ရဲရင့်လွင်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တီးတိန်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ အိမ်မဲမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ဝမ်းတွင်းမြို့တွင် ၁ ဒသမ ၄၁ လက်မ၊ တွန်းဇံမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ပုသိမ်မြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၂၂ လက်မစီနှင့် ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။ မိုး/ဇလ

# အသင်း၏ အတွေ့အကြုံ နမူနာကောင်းများကို စံထားပြီး နိုင်ငံတစ်ဝန်း၌ ရေအသုံးချသူများအဖွဲ့ (WUG)နှင့် ရေအသုံးချသူများအသင်း (WUA) များ တိုးချဲ့ဆောင်ရွက်နိုင်ရေးကြိုးပမ်း

**နေပြည်တော် ဇူလိုင် ၂၆**

ဆင်သေဆည်ရေသောက်စနစ်၊ ဆင်သေလက်ဝဲမြောင်းမကြီး လက်တံ (၂)မြောင်း ရေအသုံးချသူများအသင်း၏ အသင်းသားစုံညီ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် ကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆင်သေဆည်ရေသောက်စနစ်၊ လက်ဝဲမြောင်းလက်တံ(၂)မှ ရေအသုံးချသူများအသင်း (WUA) အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးကိုအခြေခံပြီး စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် တောင်သူများ၏ အဖွဲ့အစည်းဖြင့် ဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ဇီရိယထား ကြိုးပမ်းအားထုတ်မှုများသည် အလွန်အရေးပါကြောင်း၊ ယခုကဲ့သို့ တောင်သူများ ပါဝင်သော ရေအသုံးချသူများအသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ခြင်းအားဖြင့် ရေပေးဝေရေးသာမက မျိုးနှင့်သွင်းအားစုများ ဝယ်ယူခြင်း၊ ထွက်ကုန်များရောင်းချခြင်း စသည့် စိုက်ပျိုးရေးကဏ္ဍများတွင်လည်း တောင်သူအချင်းချင်း ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာကာ တောင်သူတစ်ဦးချင်း၏ ထုတ်လုပ်မှုနှင့် တစ်ဧကစီ၏ သီးနှံထွက်စွမ်းအားမြင့်မားလာမှုနှင့်အတူ ဝင်ငွေများတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရေး၊ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်၍ ယနေ့ ရေအသုံးချသူများအသင်းဖွဲ့စည်းနိုင်ခြင်းအပေါ် များစွာဂုဏ်ယူမိပါကြောင်း၊ ယခု အသင်း၏ အတွေ့အကြုံ နမူနာကောင်းများကို စံထားပြီး နိုင်ငံတစ်ဝန်း၌ ရေအသုံးချသူများအဖွဲ့ (WUG) နှင့် ရေအသုံးချသူများအသင်း (WUA) များ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ကျေးဇူးတင်စကားပြောကြားပြီး ရေအသုံးချသူများအသင်း (WUA) ဦးဆောင်သူများဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ရေအသုံးချသူများအသင်း (WUA) ဦးဆောင်သူဘုတ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အစည်းအဝေး တက်ရောက်လာကြသည့်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ **(ဓာတ်ပုံ)**

အစည်းအဝေး ဒုတိယပိုင်းတွင် ရေအသုံးချသူများအဖွဲ့ (WUG)တွင်ပါသည့် အဖွဲ့ခေါင်းဆောင်များကို ရွေးချယ်ပြီး ရေအသုံးချသူများအသင်း (WUA) အတွက် ဦးဆောင်သူများအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များ၊ အလုပ်အမှုဆောင်အဖွဲ့များကို အစည်းအဝေး တက်ရောက်လာသူ အသင်းဝင်များ၏ ဆန္ဒသဘောထားများဖြင့် ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ဆင်သေဆည်ရေသောက်စနစ်၊ ဆင်သေလက်ဝဲမြောင်းမကြီး လက်တံ (၂) မြောင်းရှိ ရေအသုံးချသူများအဖွဲ့ (WUG) ၂၂ ဖွဲ့မှ အဖွဲ့ဝင် တောင်သူ ၄၃၇ ဦး တို့ပေါင်းစပ်ပြီး ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့ နွယ်ဝင်သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၉၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၅၇၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၄၉၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၂၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။



ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသားကျောင်းသူ ၁၄၂၄၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၄၀၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တောင်ကြီးမြို့နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့ရှိ PNO အသွင်ပြောင်း ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်က တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ထို့သို့ တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ကြူကုတ် - ဝမ်တိန် နှစ်နိုင်ငံကူးတံတား ပြန်လည်ပြုပြင်မွမ်းမံမည့်ကိစ္စ နှစ်နိုင်ငံတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ပန်ဆိုင်း ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဆိုင်း(ကြူကုတ်)မြို့ နှစ်နိုင်ငံနယ်စပ်တံတားဖြစ်သည့် ကြူကုတ်-ဝမ်တိန်တံတား အရှည် ၃၉ ဒသမ ၈ မီတာ အကျယ် ၁၆ ဒသမ ၂ မီတာအား ပြုပြင်မွမ်းမံရန်အတွက် ပြင်ဆင်စရိတ်တရုတ်ယွမ်ငွေ သုံးသန်းလျာထား၍ တရုတ်နိုင်ငံဘက်မှ တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လုပ်ငန်းကာလမှာ ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ရွှေလီပြည်သူ့အစိုးရ ပြည်ပဆက်ဆံရေးဌာနမှ ညှိနှိုင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကနဦးညှိနှိုင်းသဘောတူညီမှုတွင် ဇူလိုင် ၁၅ရက်မှ ဩဂုတ် ၁၅ ရက်တွင် လုပ်ငန်းဆောင်ရွက်ရန်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရက်အနည်းငယ်နောက်ကျ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲ၌ မူဆယ်မြို့နယ် လမ်းဦးစီးဌာနဦးစီးအရာရှိ (မြို့ပြ) ဦးကျော်ကျော်မိုး၊ ပန်ဆိုင်း (ကြူကုတ်)မြို့ ခေတ္တမြို့အုပ်ချုပ်ရေး မှူး ဦးစိုင်းမြတ်အောင်နှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့နှင့် ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီပြည်ပရေးရာဌာန ဒုတိယပြည်ပရေးရာဌာနမှူး ဒေါ်ဖြူဖြူဝင်း ဦးဆောင်သည့်အဖွဲ့တို့ လုပ်ငန်းအဆင်ပြေချောမွေ့စေရေးအတွက် မြေပြင်ကွင်းဆင်း၍ ကြူကုတ်-ဝမ်တိန်တံတား မြန်မာဘက်ခြမ်း၌တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနှစ်နိုင်ငံကူးတံတားပြင်ဆင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းစတင်နိုင်ရန်နှင့် လုပ်ငန်းခွင် လုံခြုံရေးတို့အတွက် မြန်မာနိုင်ငံဘက်ခြမ်းတံတားထိပ်ပြင်ပ ၃ မီတာ၌ သံဆူးကြိုးဖြင့် ပြင်ဆင်မှု လုပ်ငန်းပြီးစီးသည်အထိ ယာယီကာရံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မာဖြိုး( ပန်ဆိုင်း)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၈) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၈) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ရုရှားနိုင်ငံခရီးစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်အဖွဲ့အစည်းအချို့နှင့် ပြည်ဖျက်မီဒီယာအချို့တို့က လုပ်ကြံဖန်တီးထားသည့် ပျူစောထီးဟူသည့် အခေါ်အဝေါ်၊ တိုင်းရင်းသား လက်နက်ကိုင်ဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်မှုများကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**သတင်းထောက်များ တက်ရောက်**

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့၏ ဇူလိုင် ၁၀ ရက် မှ ၁၆ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်နှင့် ပတ်သက်သည်များ၊ ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့မှု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာချက်များအပေါ် မဟုတ်မမှန် ကောလာဟလ ဝေဖန်ချက်များ၊ နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်းဝန်ထမ်းများကို အိမ်ငှားစရိတ်အဖြစ် အိမ်ထောင်သည်ဖြစ်ပါက မူရင်းလစာ၏ ၈ ရာခိုင်နှုန်းနှင့် လူပျိုဖြစ်ပါက ၄ ရာခိုင်နှုန်း) ကို ထောက်ပံ့ပေးမည့် အစီအစဉ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် ကျပ် ၁၀၀၀၀ ကို လစဉ်ထောက်ပံ့ပေးသွားမည့် အစီအစဉ်၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ချေးပေးသွားမည့် အစီအစဉ်။

ပြည်ဖျက်မီဒီယာအချို့နှင့် အကြမ်းဖက်အဖွဲ့များ လုပ်ကြံဖန်တီးထားသည့် ပျူစောထီးဟူသည့် အသုံးအနှုန်းအကြောင်း၊ ပျူစောထီးဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ အစိုးရနှင့် တပ်မတော်အနေနှင့်ပါ ဖဆပလကဲ့သို့ ဒီမိုကရေစီ အရေခြုံအာဏာရှင်စနစ် ထူထောင်ရန် ခါးပိုက်ဆောင်တပ် ပျူစောထီးကို ဖွဲ့စည်းခဲ့ခြင်းမရှိဘဲ တပ်မတော်အနေဖြင့် တည်ဆဲဥပဒေများအရ ဒေသခံပြည်သူလူထုက ၎င်းတို့၏ ကျေးရွာ၊ ရပ်ကွက်များ လုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းခွင့် တင်ပြလာပါက ဖွဲ့စည်းခွင့်စိစစ်ခြင်း၊ ဖွဲ့စည်းခွင့်ပြုခြင်း၊ လိုအပ်သည့်လက်နက် တပ်ဆင်ပေးခြင်း၊ စစ်မြေပြင်စည်းကမ်းနှင့် စစ်သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ။

**တွေ့ဆုံဆွေးနွေးရန် စီစဉ်ဆောင်ရွက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းချက်၏ ရလဒ်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ ၂ ဖွဲ့ စုစုပေါင်း ၉ ဖွဲ့က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အဆိုပါအဖွဲ့များနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း တွေ့ဆုံဆွေးနွေးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိမှု။

**ရှင်းလင်းပြောကြား**

တပ်မတော်နှင့် AA အဖွဲ့တို့အကြား ၂၀၂၀ ပြည့်နှစ်မှစ၍ ပစ်ခတ်တိုက်ခိုက်မှု လုံးဝနီးပါးမရှိခဲ့ဘဲ ငြိမ်းချမ်းရေးတစ်စိတ်တစ်ပိုင်းတည်ဆောက်နိုင်ခဲ့သော်လည်း AA အဖွဲ့အနေဖြင့် ပြီးခဲ့သည့်လအချို့မှ စတင်၍ အပြစ်မဲ့ပြည်သူတချို့ကို ဖမ်းဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖမ်းဆီးခြင်းများ စတင်လုပ်ဆောင်လာခဲ့ပြီး တစ်ချိန်တည်းတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုကို မလိုလားသော ပြည်ဖျက်အချို့ကလည်း သတင်းတု၊ သတင်းမှားများဖြင့် တစ်ဖက်နှင့် တစ်ဖက် အထင်အမြင်လွဲမှားစေရန်နှင့် သံသယစိတ်များဖြင့် စစ်မီးတောက်စေရန် တွန်းပို့ခဲ့ကြသည့် ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ KNU အဖွဲ့အတွင်း ကွဲလွဲမှုအချို့ဖြစ်ပေါ်နေပြီး ငြိမ်းချမ်းစေလိုသည့် စိတ်ရှိသူများနှင့် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းလိုသူများလည်း ရှိသည်ဖြစ်ရာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်သူများအား လာရောက်ဆွေးနွေးနိုင်ရန် တံခါးဖွင့်ထားလျက်ရှိမှု၊ NUG အမည်ခံအကြမ်းဖက်အဖွဲ့က ထူထောင်ထားသည့် တရားမဝင် ပညာရေးကျောင်း ဖြစ်သော Kaung for You Online ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်စပ်မှုများကို video ဖိုင်များ၊ Power Point Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများအား စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို Power Point Presentation ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

**ဆက်လက်ဖော်ပြသွားမည်**

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များနှင့် ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၆**

၂၀၂၂ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၅၁ ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီး ဌာန ဗဟိုလေ့ကျင့်ရေး ကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

**ပျိုးပင် ၄၅၀ စိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ အရာထမ်း / အမှုထမ်း ၈၃ ဦးတို့က ရတနာတန်းဝင် ကျွန်းပင် ၁၀၀၊ ပိန္နဲပင်၂၀၊ ငုဝါပင် ၃၀ စသည့် ပျိုးပင်ပေါင်း ၁၅၀ တို့ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးခဲ့ကြသည်။ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ယခုမိုးရာသီ ကာလအတွင်း ပျိုးပင် စုစုပေါင်း ၄၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၂၅ ရက် ညနေပိုင်းက တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းမြတ်ရွှေနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူး(ကိုယ်စား)ဒုတိယတိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး မှ ပြိုင်ပွဲဝင် အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သေဒဏ်၏ နောက်ကွယ် . . . .

❑ *အမှန်တရားဘက်တော်သား* ❑

ဇူလိုင်လ ၂၅ ရက်နေ့ နိုင်ငံပိုင်သတင်းစာများ၌ သေဒဏ်ကျခံရသူများဖြစ်သည့် ဖြိုးဇေယျာသော်၊ ဂျင်မီ၊ လှမျိုးအောင်နဲ့ အောင်သူရဇော်တို့ကို ပြစ်ဒဏ်စီရင်ပြီးစီးသွားကြောင်း သတင်းဖော်ပြပါရှိခဲ့သည်။

**“ ရုတ်တရက်မြင်တွေ့ရသူတို့၊ အခြေအနေမှန်ကို သဘောမပေါက်သူတို့အဖို့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသူလေးဦး ကျဆုံးသွားသည်ဟု ထင်မိနိုင်သည်။ သို့ရာတွင် ထိုသူများသည် ဒီမိုကရေစီအတွက် ငြိမ်းချမ်းစွာဆောင်ရွက်ခြင်းကြောင့် သေဒဏ်ကျခံရခြင်းမဟုတ်၊ နိုင်ငံရေးသမားမို့ သေဒဏ်ကျခံရခြင်းမဟုတ်။ လူ့အသက်များကို တန်ဖိုးမထား ရက်စက်စွာသတ်ဖြတ်ခြင်းဖြစ်သည့် နိုင်ငံတကာက ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချသည့်အကြမ်းဖက်ခြင်းကို လုပ်ဆောင်သဖြင့် သေဒဏ်ကျခံရခြင်းဖြစ်သည်ကိုမူ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကမျှ ဆက်လက်ဆွေးနွေးကြသည်ကို မမြင်ရ။ သူတို့ကို ဘာကြောင့် သေဒဏ်ပေးသလဲဟူသည်ကို မည်သူမျှ ဆွေးနွေးခြင်းမပြုကြ ”**

သတင်းဖော်ပြမှုနှင့်အတူ ပြစ်ဒဏ်စီရင်ပြီးစီးမှုအပေါ် အမျိုးမျိုးသော ဝေဖန်မှုများကို လူမှုကွန်ရက်စာမျက်နှာတွင် မြင်တွေ့ရသည်။ သေဒဏ်ပေးခံရသူများကို အာဇာနည်များ၊ သူရဲကောင်းများဟူ၍ အမွှမ်းတင်ကြသူများ၊ ဝမ်းနည်းကြေကွဲကြသူများ စသည်ဖြင့် မြင်တွေ့ရသည်။ အထူးသဖြင့် ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်းများမှ လေလှိုင်းထဲက ခေါင်းဆောင်ဆိုသူများ၊ ယင်းတို့နှင့်ဆက်စပ်သူ အသိုင်းအဝိုင်းများက အထူးတလည် ဝမ်းနည်းကြသည်။ နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် နိုင်ငံခြားတိုင်းပြည် အချို့ကလည်း သေဒဏ်ပေးခံရမှုအပေါ် ဝမ်းနည်းကြောင်း ထုတ်ဖော်ပြသကြသည်။

ရုတ်တရက်မြင်တွေ့ရသူတို့၊ အခြေအနေမှန်ကို သဘောမပေါက်သူတို့အဖို့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသူလေးဦး ကျဆုံးသွားသည်ဟု ထင်မိနိုင်သည်။ သို့ရာတွင် ထိုသူများသည် ဒီမိုကရေစီအတွက် ငြိမ်းချမ်းစွာဆောင်ရွက်ခြင်းကြောင့် သေဒဏ်ကျခံရခြင်းမဟုတ်၊ နိုင်ငံရေးသမားမို့ သေဒဏ်ကျခံရခြင်းမဟုတ်။ လူ့အသက်များကို တန်ဖိုးမထား ရက်စက်စွာသတ်ဖြတ်ခြင်းဖြစ်သည့် နိုင်ငံတကာက ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချသည့် အကြမ်းဖက်ခြင်းကို လုပ်ဆောင်သဖြင့် သေဒဏ်ကျခံရခြင်းဖြစ်သည်ကိုမူ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကမျှ ဆက်လက်ဆွေးနွေးကြသည်ကို မမြင်ရ။ သူတို့ကို ဘာကြောင့် သေဒဏ်ပေးသလဲဟူသည်ကို မည်သူမျှ ဆွေးနွေးခြင်း မပြုကြ။

လူတစ်ဦးသေဆုံးခြင်းကို မည်သူကမျှ ဝမ်းသာကြမည်မဟုတ်။ သို့သော် အထက်ပါ သေဒဏ်ပေးခံရသူများသည် ဘုရားဖူးသွားရင်း လုပ်ကြံခံရသူများမဟုတ်၊ ဝမ်းစာအတွက် ပျိုးထောင်၊ ဈေးရောင်းရင်း သေမှန်းမသိ သေခဲ့ရသူများမဟုတ်၊ ကျောင်းဝင်းအတွင်း သီတင်းသုံး ဆွမ်းဘုဉ်းပေးနေစဉ် ရုတ်တရက်သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရသူများမဟုတ်၊ ကျောင်းသားတို့ စာသင်နိုင်ကြဖို့ တာဝန်ထမ်းဆောင်သဖြင့် အသတ်ခံရသူများ မဟုတ်။ ဆိုရလျှင် ထိုသူတို့သည် အပြစ်မဲ့ပြည်သူများနှင့် တာဝန်ခံမှုရှိသည့် ပြည်သူ့ဝန်ထမ်းများကို နှိပ်စက်သတ်ဖြတ်ခဲ့၊ နောက်ကွယ်က စေခိုင်းခဲ့သည့် အကြမ်းဖက်သမားများဖြစ်သည်။ အကယ်၍ မဖမ်းမိခဲ့ပါက နောက်ထပ်၊ နောက်ထပ် လူ့အသက်ပေါင်းများစွာ ထပ်မံ၍ ပျက်စီးခြင်းနှင့် ကြုံနိုင်သေးသည်။ ထို့ကြောင့် ဥပဒေနှင့်အညီ သူတို့၏ ပြစ်ဒဏ်ကို မလွှဲမသွေ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

သေဒဏ်ခံရသူတို့အပေါ် ဝမ်းနည်းနှမြောတသဖြစ်၍ ယူကျုံးမရသူများကို အကြံပြုလိုပါသည်။ ထိုသူများက သတ်ဖြတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရစဉ်က သင်တို့မည်သို့တွေးခဲ့ကြပါသလဲ။ အပြစ်မဲ့သေဆုံးရသူများတွင်လည်း မိခင်၊ ဖခင်၊ မောင် ဖား၊ ချစ်သူ၊ အိမ်သူ၊ သား၊ သမီး စသည်ဖြင့် အနှောင်အဖွဲ့များ ရှိကြသည်။ ထိုသူတို့၏ အပူမီးကိုရော သင်တို့ ခံစားမိခဲ့ပါသလား။ ယခုပြစ်ဒဏ်မှာ အကြောင်းရှိ၍ ဖြစ်ပေါ်လာခဲ့သည့် အကျိုးဆက်တစ်ခုဖြစ်၍ တရားနှင့်ယှဉ်၍ သံဝေဂကို ယူသင့်ကြပါပြီ။

## အကြမ်းဖက်ခြင်းအတွက် လက်မရွံ့သူ

သေဒဏ်ခံရသူများနှင့် ပတ်သက်၍ စာရေးသူ စေ့ငုမိသမျှ ဖော်ပြရလျှင် ဖြိုးဇေယျာသော်(ခ) မောင်ကျော် သည် အကြမ်းဖက်လုပ်ငန်းတွေ လုပ်ဆောင်ရာ၌ သူနှင့်အတူ ဆက်စပ်တရားခံ ၂၉၃ ဦးပါဝင်ခဲ့ပြီး လက်နက်ငယ်မျိုးစုံ ၁၆၇ လက်၊ လက်လုပ်သေနတ် ၂၃၁ လက်၊ လက်လုပ်စိန်ပြောင်း ၆ လက်၊ ကျည်မျိုးစုံ ၁၈၈၁၀ တောင့်၊ ၄၀ မမ ဗုံးသီး ၄၃ လုံး၊ လက်လုပ်ဗုံးသီး/ဒုံးသီး ၁၇၅ လုံး၊ လက်ပစ်ဗုံး ၄၈ လုံး၊ မိုင်းမျိုးစုံ ၁၆ လုံး၊ လက်လုပ်မိုင်း ၁၀၉၉ နှင့် အခြားဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

ဖြိုးဇေယျာသော် လက်ရေးဖြင့် ရေးသားထားခဲ့သည့် အစည်းအဝေးမှတ်စုစာအုပ်၌ “Ambush Attack (ချောင်းမြောင်း တိုက်တာတွေထက်) တွေထက် Assassination (လုပ်ကြံသတ်ဖြတ်)တာမျိုးကို ပိုအားပေး” ဆိုသည့် သက်သေများ၊ ဖုန်းအတွင်း ပြည်ပြေးသစ္စာဖောက် ဇော်ဝေစိုးနှင့် ချိတ်ဆက်၍ အကြမ်းဖက်လုပ်ရပ်အတွက် ဘတ်ငွေ ရှစ်သိန်း လွှဲပေးမည့် ကိစ္စရပ်များနှင့် အကြမ်းဖက်လုပ်ငန်းများအတွက် လိုအပ်သည့် လက်နက်ခဲယမ်းပံ့ပိုးပေးနေမှုများကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ကျင်းပသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းစာရှင်းလင်းပွဲ၌ မြင်တွေ့ခဲ့ရသည်။

ဖြိုးဇေယျာသော်သည် CRPH,NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ တောင်ပိုင်းအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်းထားပြီး ရန်ကုန်မြို့တွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် အစိုးရ၏ စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်၊ အများပြည်သူနှင့်ဆိုင်သော နေရာများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာအဆောက်အအုံများအပါအဝင် ပညာသင်ကြားမှုများ ရပ်တန့်စေရန် ဖောက်ခွဲဖျက်ဆီးခြင်း၊ ပျံလွှားအောင်စစ်ဆင်ရေး အမည်ဖြင့် လယ်ဗယ်အဆင့်မြှင့်ကာ စစ်ရေးဆိုင်ရာ ပစ်မှတ်များအား အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် အင်အားနည်းသည့် လုံခြုံရေးစခန်းငယ်များအား ဝင်ရောက်တိုက်ခိုက်၍ လက်နက်ခဲယမ်းများ လုယက်စေခြင်း၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းသုံးတိုင်းတွင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဟံသာဝတီစစ်ရေးစီမံချက်ရေးဆွဲနေခြင်းတို့ကို ပြုလုပ်ခဲ့သူတစ်ဦး ဖြစ်သည်။

ထို့ကြောင့် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉(က) အကြမ်းဖက်အုပ်စုတစ်ခုခုကို ထောက်ပံ့ရန်အတွက် လက်နက်ပစ္စည်းများ သိမ်းဆည်းထားမှု၊ အကြမ်းဖက်ပုဒ်မ ၅၀(ဈ) အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒလန်ဟု စွပ်စွဲခံရသူများအား သတ်ဖြတ်နိုင်ရန် လက်နက်များကို ငှားရမ်းပေးမှု ၃၅ ကြိမ်၊ လုပ်ကြံသတ်ဖြတ်မှု ၁၁ ကြိမ်၊ နိုင်ငံပိုင်အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှု အကြိမ် ၃၀၊ အုပ်ချုပ်ရေးမှူးရုံးများကို ဖောက်ခွဲဖျက်ဆီးမှု ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနှင့် အနီးတစ်ဝိုက် ဗုံးပေါက်ကွဲမှု ၂၅ ကြိမ်၊ ကညနရုံးအနီးဝန်းကျင် ဗုံးကွဲမှု ၉ ကြိမ်၊ CCTV Control box များနှင့် အများပြည်သူများ သက်ဆိုင်သည့်နေရာတွေ၌ အကြိမ် ၆၀၊ စာသင်ကျောင်းများတွင် ၃ ကြိမ်၊ ကြံရာပါအဖြစ် ကျူးလွန်ပြီး ဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်ပုဒ်မ ၅၀(ည)အရ အလှူငွေများကောက်ခံကာ အကြမ်းဖက်လုပ်ငန်းအတွက် လက်နက်ခဲယမ်းဝယ်ယူခြင်း၊ လိုင်စင်မဲ့ယာဉ်ဝယ်ယူခြင်း၊ ငွေကြေးဆိုင်ရာ ထောက်ပံ့ခြင်းများအတွက် ယခုကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

## အကြီးစားဖောက်ခွဲဖျက်ဆီးမှုများ ကြံစည်

ကျော်မင်းယု(ခ)ဂျင်မီကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ပင်လုံအိမ်ရာ၌ ဖမ်းဆီးရမိခဲ့သည်။ တရားခံနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် AK–47 သေနတ် ၆ လက်၊ M–16 သေနတ် ၈ လက်၊ ၁၂–ဗို့ သေနတ် ၂ လက်၊ ဒေသန္တရလက်လုပ်သေနတ် ၁ လက်၊ ကျည်အိမ် ၁၈ ခု တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဂျင်မီသည် နိုင်ငံအတွင်း ဆူပူအုံကြွမှုဖြစ်ပေါ်စေရေး၊ အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရေး လှုံ့ဆော်မှုများ ပြုလုပ်ခြင်းတို့ကြောင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅(ခ) ဖြင့် အမှုဖွင့်ခံထားရသည့် တရားခံပြေးတစ်ဦး ဖြစ်သည်။ တရားခံ ကျော်မင်းယု(ခ)ဂျင်မီ၏ ထွက်ဆိုချက်အရ ဆူပူဆန္ဒပြလှုပ်ရှားမှုများနှင့် အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေးအတွက် သတင်းမီဒီယာများနှင့် ချိတ်ဆက်ကာ ဝါဒဖြန့်လှုံ့ဆော်မှုများကို ၂၀၂၁ ခုနှစ်မတ်လအထိ ပြုလုပ်ခဲ့ကြောင်း သိရှိခဲ့ရသည်။ ၂၀၂၁ ခုနှစ် ဧပြီလအတွင်း Moon Light Operation အဖွဲ့အား အဖွဲ့ဝင်များနှင့်အတူ စတင်ဖွဲ့စည်းပြီး ဖြိုးဇေယျာသော်ခေါင်းဆောင်သော Yangon Urban Guerrilla–YUG အဖွဲ့နှင့် ဝေဖြိုးဟန် ခေါင်းဆောင်သော

*စာမျက်နှာ ၉ သို့*

**သေဒဏ်ခံရသူတို့အပေါ် ဝမ်းနည်းနှမြောတသဖြစ်၍ ယူကျုံးမရသူများကို အကြံပြုလိုပါသည်။ ထိုသူများက သတ်ဖြတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရစဉ်က သင်တို့မည်သို့တွေးခဲ့ကြပါသလဲ။ အပြစ်မဲ့သေဆုံးရသူများတွင်လည်း မိခင်၊ ဖခင်၊ မောင် ဖား၊ ချစ်သူ၊ အိမ်သူ၊ သား၊ သမီး စသည်ဖြင့် အနှောင်အဖွဲ့များရှိကြသည်။ ထိုသူတို့၏ အပူမီးကိုရော သင်တို့ခံစားမိခဲ့ပါသလား။ ယခုပြစ်ဒဏ်မှာ အကြောင်းရှိ၍ ဖြစ်ပေါ်လာခဲ့သည့် အကျိုးဆက်တစ်ခုဖြစ်၍ တရားနှင့်ယှဉ်၍ သံဝေဂကို ယူသင့်ကြ**

- ❖ အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉(က) အကြမ်းဖက်အုပ်စုတစ်ခုခုကို ထောက်ပံ့ရန်အတွက် လက်နက်ပစ္စည်းများ သိမ်းဆည်းထားမှု၊
- ❖ အကြမ်းဖက်ပုဒ်မ ၅၀(ဈ) အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒလန်ဟု စွပ်စွဲခံရသူများအား သတ်ဖြတ်နိုင်ရန် လက်နက်များကို ငှားရမ်းပေးမှု ၃၅ ကြိမ်၊ လုပ်ကြံသတ်ဖြတ်မှု ၁၁ ကြိမ်၊ နိုင်ငံပိုင်အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှု အကြိမ် ၃၀၊ အုပ်ချုပ်ရေးမှူးရုံးများကို ဖောက်ခွဲဖျက်ဆီးမှု ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနှင့် အနီးတစ်ဝိုက် ဗုံးပေါက်ကွဲမှု ၂၅ ကြိမ်၊ ကညနရုံး အနီးဝန်းကျင် ဗုံးကွဲမှု ၉ ကြိမ်၊ CCTV Control box များနှင့် အများပြည်သူများသက်ဆိုင်သည့်နေရာတွေ၌ အကြိမ် ၆၀၊ စာသင်ကျောင်းများတွင် ၃ ကြိမ်၊ ကြံရာပါအဖြစ် ကျူးလွန်ပြီး ဆောင်ရွက်ခဲ့မှု၊
- ❖ အကြမ်းဖက်ပုဒ်မ ၅၀ (ည)အရ အလှူငွေများကောက်ခံကာ အကြမ်းဖက်လုပ်ငန်းအတွက် လက်နက်ခဲယမ်းဝယ်ယူခြင်း၊ လိုင်စင်မဲ့ယာဉ်ဝယ်ယူခြင်း၊ ငွေကြေးဆိုင်ရာ ထောက်ပံ့ခြင်းများအတွက် ယခုကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်

*စာမျက်နှာ ၈ မှ*

ရန်ကုန်တိုင်း PDF အဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်မှုများဖြင့် အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ်ကို ၂၀၂၂ ခုနှစ် မေလတွင် စတင်ခဲ့ကြသည်။

ဂျင်မီဦးဆောင်ခဲ့သည့် အကြမ်းဖက် Moon Light Operation အဖွဲ့သည် NUG ဘက်မှ D-Day သတ်မှတ်ပေးသည့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၇ ရက်နောက်ပိုင်းတွင် ကြီးမားသော အကြမ်းဖက်လုပ်ငန်းကြီးများအဖြစ် Mission ၈ ခုအား ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခဲ့ပြီး Mission-1 အား တွံတေးမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု၊ Mission-2 အား အင်းစိန်မြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု၊ Mission-3 အား လှည်းကူးမြို့နယ်အတွင်း အောက်တိုဘာလအတွင်း လုပ်ဆောင်ပြီးစီးခဲ့သည်ဟု ဝန်ခံထွက်ဆိုခဲ့သည်။

ကျန်သည့် Mission-4၊ Mission-5၊ Mission-6 ၊ Mission-7 ၊ Mission-8 တို့အား ရန်ကင်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒလမြို့နယ်၊ သာကေတမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ လှိုင်သာယာမြို့နယ်တို့တွင် ကြီးမားသော ဖောက်ခွဲဖျက်ဆီးမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုတို့ ပေါင်းစပ်ဆောင်ရွက်ရန် ရည်မှန်းထားသည်ကို ဖမ်းဆီးရမိချိန်တွင် ဝန်ခံခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအား အနီးကပ် စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက် NUG/CRPH/NUCC တို့နှင့် အဆိုပါ အကြမ်းဖက် တိုက်ခိုက်မှုများအတွက် ပူးပေါင်းကြံစည်ခဲ့ခြင်းတို့ကို ပြစ်မှုထင်ရှားကျူးလွန်ခဲ့သည့် တရားခံ ကျော်မင်းယု(ခ) ဂျင်မီအား ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅-က အပြင် ၂၀၁၄ ခုနှစ် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄၊ မတရားအသင်း အက်ဥပဒေ၊ လက်နက်နှင့် ပတ်သက်သော အက်ဥပဒေ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေတို့ဖြင့် အရေးယူခဲ့ရာမှ ပြစ်မှုထင်ရှားခဲ့သဖြင့် သေဒဏ်ချမှတ်ခံရခြင်းသာဖြစ်ပါသည်။

## အပြစ်မဲ့အမျိုးသမီးအား အကြမ်းဖက် နှိပ်စက်သတ်ဖြတ်ကြသူများ

အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးအား သူလျှို၊ ဒလန်ဟု စွပ်စွဲ၍ ညှဉ်းပန်းနှိပ်စက်ကာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် လှမျိုးအောင် (ခ) ကိုမျိုး(ခ)ဝက်ကြီး၊ အောင်သူရဇော်(ခ) ကတုံး(ခ)သူရတို့သည် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ချမှတ်ခံခဲ့ရသူများ ဖြစ်သည်။ လှမျိုးအောင်နှင့် အောင်သူရဇော်တို့မှာ ပြီးခဲ့သည့် သီတင်းပတ်က သေဒဏ်စီရင်ခြင်းခံရသည်။ ယင်းတို့ကိုလည်း သူရဲကောင်းများဟူ၍ ပြောဆိုသံများကို ကြားရသည့်အခါ ၎င်းတို့ သတ်ဖြတ်သဖြင့် အပြစ်မဲ့စွာ သေဆုံးခဲ့ရသူ မဝင်းသန္တာဆွေ ကြားသိနိုင်မည်ဆိုလျှင် အလွန်တရာ အားနာဖွယ်ကောင်းလေစွ။

အများ သံပုံးတီးကြသည့် အချိန်၊ သပိတ်မှောက်ကြသည့်အချိန် မပါဝင်မိသည့် လှိုင်သာယာမြို့နယ် အမှတ် ၇ ရပ်ကွက် အောင်မေတ္တာလမ်းရှိ မဝင်းသန္တာဆွေကို ရပ်ကွက်အတွင်း လူမိုက်အချို့က ဒလန်ဟု စွပ်စွဲခဲ့ကြသည်။ မိမိနှင့်မတူ ရန်သူဟု သတ်မှတ်သည့် အကြမ်းဖက်လူရမ်းကားတို့၏ သတ်ဖြတ်မှုကြောင့် အသက် ၃၁ နှစ်အရွယ်သာရှိသည့် မဝင်းသန္တာဆွေ ဓားဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။ မသေဆုံးမီအချိန်အထိလည်း ကိုယ်စိတ်နှလုံးကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသေးသည်။

ဖြစ်စဉ်ကို လေ့လာကြည့်ရာ အကြမ်းဖက်သတ်ပစ်ခြင်း ခံရသည့် အမျိုးသမီးကို ဘုန်းတော်ကြီးကျောင်းသို့ ခေါ်ယူချုပ်နှောင်၍ စစ်ဆေးကြပြီး ဘုန်းကြီးက လက်မခံသဖြင့် အောင်ချမ်းသာ ဓမ္မာရုံအတွင်း ထပ်မံချုပ်နှောင် စစ်မေးခဲ့ကြသည်။ နောက်တစ်ရက်၌ အိမ်ကိုပြန်ပို့ပြီး နေအိမ်အတွင်း သော့ခတ်ချုပ်နှောင်ခဲ့ကာ အိမ်သော့ကိုလည်း စတင်စွပ်စွဲရန်ပြုခဲ့သည့် အိမ်နီးချင်းအမျိုးသမီးများက သိမ်းထားခဲ့ပြန်သည်။ နှိပ်စက်သတ်ဖြတ်တော့မည့်နေ့ လူမိုက်လူရမ်းကားများက Hijet ကားဖြင့် လာရောက်ခေါ်ဆောင်ပြီး အိမ်နီးချင်းအမျိုးသမီးများနှင့် အမျိုးသားအချို့က သော့ဖွင့်ပေးကာ ဝမ်းသာအားရ ထည့်ပေးခဲ့ရာမှ တွံတေးသွားရာ လမ်းမကြီးတစ်နေရာအရောက် ကားခေါင်းခန်းအတွင်း ဖမ်းဆီးခံရသည့် သေဆုံးသူကို ကားမောင်းသူ လှမျိုးအောင်က ကားရပ်ပြီး ဓားဖြင့် စတင်ထိုးကာ ကျန်သူကလည်းအပြင်ဆွဲချပြီး ဓားဖြင့် သေဆုံးချိန်အထိ အဆက်မပြတ် ထိုးနှံခဲ့ကြသည်။ ထို့အပြင် သတ်ဖြတ်ခြင်းကို အားမရဘဲ သေဆုံးသူ၏ လက်ဝတ်လက်စားများကိုပါ ချွတ်ယူရောင်းချပြီး ပျော်ပါးခဲ့ကြသည်ဟု တရားခံများ၏ ထွက်ဆိုချက်များအရ သိရှိရသည်။

## အပြစ်မဲ့သေဆုံးသူတွေအတွက် တရားမျှတမှု

“တော်လှန်ရေး အရှိန်မြှင့်ကြ”၊ “သွေးကြွေးသည် ဆွေးနွေးစရာမရှိ”၊ “ရန်ငါပြတ်ကြပြီ” ဟူသော ကွန်မြူနစ်ဆန်ဆန် စကားသံများကို လူလေးဦး သေဒဏ်ကျခံလိုက်ရသည့် သတင်းများ ထွက်ပေါ်လာချိန်တွင် ကျယ်ကျယ်ပြန့်ပြန့် ကြားရသည်။ ဖြိုးဇေယျာသော်နှင့် ဂျင်မီတို့ကြောင့် မိဘမဲ့ခဲ့ရသည့် ကလေးသူငယ်များ၊ သားသမီးများဆုံးရှုံးလိုက်ကြရသည့် မိဘများ၊ ဆရာမရှိတော့သည့် စာသင်ကျောင်းများအတွက်မှု ထည့်သွင်း မစဉ်းစားသင့်ဘူးလား။ အပြစ်ရှိ၍ အပြစ်ဒဏ်ခံရသူတို့ကို ကရုဏာမသက်ခင် သူတို့ သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့သူတို့၏ ငိုကြွေးတောင်းပန်သံကို မကြားချင်ယောင် ဆောင်နေခဲ့ကြသလားဟု မေးမြန်းကြည့်လိုပါသည်။

PDF တို့ကြောင့် အပြစ်မဲ့သည့် ပြည်သူများ ကျီးလန့်စာစား ဘဝဖြင့် နေထိုင်နေကြရသည်။ သတင်းအတု၊ သတင်းယောင်များအကြား သောကများစွာဖြင့် အမှောင်ထုကို ဖြတ်သန်းနေကြရသည်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် နေရာတိုင်းတွင် တားမြစ်နေကြသည်။ ခြိမ်းခြောက်အကျပ်ကိုင်နေကြသည်။ မတူညီသည့် အယူအဆရှိသူများမပြောနှင့် တူညီသူများကိုပင် ခြိမ်းခြောက်၊ ဓားပြတိုက်၊ လုယက်နေသည်ကို ပြည်သူများ အသိတရားရှိရှိဖြင့် စုပေါင်းညီညာစွာ ကာကွယ်တားဆီးရမည့် အချိန်ဖြစ်ပါသည်။

အကြမ်းဖက်ခြင်းနှင့် ဒီမိုကရေစီသည် ဆန့်ကျင်ဘက်တရားများပင် ဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်း အကြမ်းဖက်ခြင်းကို လက်သင့်ခံခွင့်လွှတ်သည့် နိုင်ငံဟူ၍ မရှိခဲ့။ တိုင်းပြည်အတွင်း ဖြစ်ပျက်သည့် အကြမ်းဖက်မှု Terrorism ပြစ်မှုများကို ပြည်တွင်းဥပဒေဖြင့် ကိုင်တွယ်ကြသည်ကို နိုင်ငံတကာတွင်လည်း မြင်တွေ့ရသည်။ ယခုလည်း ဥပဒေအတိုင်း အပြစ်ရှိသူတို့ ထိုက်သင့်သည့် အပြစ်ဒဏ်ကို ပေးအပ်ခဲ့ခြင်းဖြင့် အပြစ်မဲ့စွာ သေဆုံးသွားရသည့် ပြည်သူများအတွက် တရားမျှတမှုပင်ဖြစ်ကြောင်း။ ။

“တော်လှန်ရေး အရှိန်မြှင့်ကြ”၊ “သွေးကြွေးသည် ဆွေးနွေးစရာမရှိ”၊ “ရန်ငါပြတ်ကြပြီ” ဟူသော ကွန်မြူနစ်ဆန်ဆန် စကားသံများကို လူလေးဦး သေဒဏ်ကျခံလိုက်ရသည့်သတင်းများ ထွက်ပေါ်လာချိန်တွင် ကျယ်ကျယ်ပြန့်ပြန့် ကြားရသည်။ ဖြိုးဇေယျာသော်နှင့် ဂျင်မီတို့ကြောင့် မိဘမဲ့ခဲ့ရသည့် ကလေးသူငယ်များ၊ သားသမီးများဆုံးရှုံးလိုက်ကြရသည့် မိဘများ၊ ဆရာမရှိတော့သည့် စာသင်ကျောင်းများအတွက်မှု ထည့်သွင်းမစဉ်းစားသင့်ဘူးလား။ အပြစ်ရှိ၍ အပြစ်ဒဏ်ခံရသူတို့ကို ကရုဏာမသက်ခင် သူတို့သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့သူတို့၏ ငိုကြွေးတောင်းပန်သံကို မကြားချင်ယောင် ဆောင်နေခဲ့ကြသလား

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဧက ၁၀၀ စပါးမျိုး ရှစ်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်ဓာတ်မြေဩဇာ ကြဲပက်နေမှုကြည့်ရှုအားပေး

**ဝေါ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝေါမြို့နယ် ကျိုက်လှကျေးရွာအုပ်စု စိုက်ပျိုးရေး ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တောင်သူတွက်ခြေကိုက်ပြီး အထွက်တိုးကာ ရက်တိုသည့် မျိုးကောင်းမျိုးသန့် စပါးမျိုးများ အလွယ်တကူရရှိစေရေး၊ သဘာဝမြေဩဇာထုတ်လုပ်နည်းများ အသိပညာပေး ဆောင်ရွက်ရေး၊ ကျွဲနွားမွေးမြူသူများအား ပရိတင်း ဓာတ်ကြွယ်ဝသည့် နေဗီယာမြက်စိုက်ပျိုးစေရေးနှင့် ဒေသကြက် တွဲဖက်မွေးမြူနိုင်ရေး စည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး မြေဆွေးမှ သဘာဝမြေဩဇာပြုလုပ်ထားရှိမှုနှင့် တောင်သူ ၁၁ ဦးပိုင် တစ်ကွင်းတစ်ဆက်တည်း တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ဧက ၁၀၀ စပါးမျိုး ရှစ်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ဓာတ်မြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အင်းတိုင်စုကျေးရွာရှိ ဦးငြိမ်းချမ်း၏ တိုင်းရင်းကြက်ကောင်ရေ ၁၆၅၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး တိုင်းရင်းကြက် မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ သဘာဝကြက်စာများဖြစ်သည့် နေဗီယာမြက်နှင့် ရေမှော်ပင်များ တွဲဖက်ကျွေးမွေးနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများဖြင့် အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆) Online System ဖြင့် Software Program အတွင်း ထည့်သွင်းနေမှုကို ကြည့်ရှုအားပေးပြီး သတ်မှတ်ချိန်အမီပြီးစီးနိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေး (၁/၂၀၂၂-၂၀၂၃) ကို ယနေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဇူလိုင် ၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၂၂) ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်ပမှ စားသုံး ဆီတင်သွင်းမှု လျှော့ကျစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံစေရေးတို့အတွက် နေကြာအပါအဝင် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် ဆီထွက်သီးနှံများကို အရည်အသွေးကောင်း စားသုံးဆီများ ထုတ်လုပ်ရန် အဆင့်မီဆီစက်များ လိုအပ်နေရာ လက်ရှိဆီစက်များကို အဆင့်မြှင့်တင်ခြင်းနှင့် ခေတ်မီဆီစက်အသစ်များ ထပ်မံတိုးချဲ့တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များ အသင်းအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် Dataများ ပြုစုပေးရန်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်ဘဏ်များသာမက ပုဂ္ဂလိကဘဏ်များနှင့် အခြားငွေရေးကြေးရေး အဖွဲ့အစည်းများကပါ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် အမြဲမပြတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်းတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးခင်စိုးတို့က ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေထုတ်ချေးရန်အတွက် စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ဆီစက်များ၏ လက်ရှိအခြေအနေနှင့် ပတ်သက်၍ တင်ပြဆွေးနွေးရာ အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာခရီးသွားလာရေး ကူးလူးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ကျင်းပ

**ကူမင်း ဇူလိုင် ၂၆**

ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) မူဘောင်အရ နိုင်ငံတကာ ခရီးသွားလာရေး ကူးလူးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ဇူလိုင် ၂၃ ရက်တွင် ကူမင်းမြို့၌ ကျင်းပသည်။

ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ စီးပွားရေးသံမှူး ဒေါက်တာဝေရီလင်းက ဖိုရမ်၌ မြန်မာ့ခရီးသွားလုပ်ငန်း အရင်းအမြစ်များကို မိတ်ဆက်ပေးခဲ့ပြီး မြန်မာနိုင်ငံတွင် တစ်နှစ်ပတ်လုံး ဆွဲဆောင်မှုအပြည့်ရှိသော ခရီးသွားနေရာများစွာရှိကြောင်း၊ ရန်ကုန်၊ ပုဂံနှင့် အင်းလေးကန် စသည့်နေရာများကို နိုင်ငံခြားခရီးသွားများက များစွာ နှစ်သက်ကြကြောင်း၊ ကပ်ရောဂါမတိုင်မီက တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားခရီးသွားများ အများဆုံးလာရောက်သည့်နိုင်ငံဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ် မေလမှစတင်၍ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၅၄ နိုင်ငံမှ နိုင်ငံခြားခရီးသွားဧည့်သည် ၁၆၂၂ ဦးကို လက်ခံခဲ့ရာ တရုတ်ခရီးသွား ဧည့်သည်ဦးရေသည် အများဆုံးဖြစ်ကြောင်း၊ ယင်းက တရုတ်နှင့် မြန်မာနိုင်ငံအကြား လူပုဂ္ဂိုလ် ကူးလူးဖလှယ်ရေးလိုအပ်ချက် ကြီးမားကြောင်း အပြည့်အဝ သက်သေပြနေပြီး ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုသည် ကျယ်ပြန့်သော အလားအလာများ ရှိနေကြောင်း၊ ကပ်ရောဂါ တဖြည်းဖြည်း လျော့ပါး သက်သာသွားသည့် အလျောက် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် အားကောင်းသော မောင်းနှင်အား ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

RCEP သည် ယာယီနယ်စပ်ဖြတ်ကျော် သွားလာမှုအတွက် ပိုမို အဆင်ပြေချောမွေ့စေကြောင်း၊ အကြိမ်ရေများစွာ ကာလတို နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများ ပိုမိုလွယ်ကူအဆင်ပြေစေကြောင်း၊ လေ့လာရေး၊ အားလပ်ရက်၊ အပန်းဖြေခရီး၊ သုတေသနလေ့လာရေး စသည့် ခရီးသွားလုပ်ငန်း ကဏ္ဍများ တိုးမြင့်လာကာ နယ်စပ်ဖြတ်ကျော် ခရီးသွားဈေးကွက် ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများကိုလည်း ဆက်လက်ထုတ်ဖော် ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအရာရှိများ၊ လုပ်ငန်းနယ်ပယ်မှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များက ယူဆကြကြောင်းသိရသည်။ **သီရိ**

> ❖ *ကျောဖုံးမှ*
>
> ည ၇ နာရီတွင် ဩစတြေးလျအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပထမနေ့အပြီးတွင် ဩစတြေးလျနှင့် မြန်မာအသင်းက သုံးမှတ်စီရထားပြီး မလေးရှားနှင့် ဖိလစ်ပိုင်အသင်းက အမှတ်မရသေးပေ။ ဇူလိုင် ၂၅ ရက်က ယှဉ်ပြိုင်ကစားသည့် အုပ်စု (ခ) ပထမနေ့တွင် မြန်မာအသင်းက မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဩစတြေးလျအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။
>
> ထို့ကြောင့် ယခုပွဲတွင် မြန်မာနှင့် ဩစတြေးလျတို့ နိုင်ပွဲထပ်မံရရှိပါက အုပ်စုနောက်ဆုံးပွဲမတိုင်မီ ဆီမီးဖိုင်နယ်သို့ ကြိုတင်တက်ရောက်ခွင့်ရမည်ဖြစ်သည်။
>
> မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် ဩစတြေးလျနှင့် ပွဲကျပ်ကစားရမည်ဖြစ်သောကြောင့် ဖိလစ်ပိုင် နှင့်ပွဲမှာ အရေးပါနေပြီး အနိုင်ရမှသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် သေချာမည်ဖြစ်သည်။ ဖိလစ်ပိုင်အသင်းတွင်လည်း လက်ရွေးစင် ကစားသမား အနည်းငယ်ပါဝင်လာသဖြင့် မြန်မာအသင်းအနေဖြင့် ပွဲချိန်ပြည့် အာရုံစူးစိုက်မှုအပြည့်ဖြင့် ကစားနိုင်ရန် လိုအပ်နေသည်။ **ရဲရင့်လွင်**

# စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ကျေးရွာအရောက် ကွင်းဆင်းရောင်းချ

**တပ်ကုန်း ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ဦးဆောင်မှုဖြင့် တပ်ကုန်းမြို့နယ် ဆီကုန်သည်အသင်းဝင်များ ပူးပေါင်း၍ ပြည်သူများ မီးဖိုချောင်သုံး စားသုံးဆီဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေး ယနေ့နံနက် ၉ နာရီက ရွှေစုကျေးရွာသို့ ကွင်းဆင်းရောင်းချပေးသည်။

ထိုသို့ရောင်းချပေးမှုတွင် တပ်ကုန်းမြို့မဈေး ဆီကုန်သည်အသင်းဝင် မသာယာနုဝေစံ(ကျစ်ကျစ်) ကုန်စုံဆီဆိုင်မှ စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ဆီပိဿာ ၄၄၀ ကို စားသုံးသူများ လက်ဝယ်အရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဇူလိုင် ၂၆

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန် တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အောင်ပန်းမြို့နယ်၊ လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လှုငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေး ပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ/ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီး ဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများ အနက် အချို့သော ဆရာ၊ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာ နေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည် ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ၊ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာ နေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၂၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင်များကို ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် စဉ့်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်း တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် အောင်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား သုံးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့ အမှတ်(၃) ရပ်ကွက်နေ စိုးနိုင်သည် ၎င်းအသုံးပြုသည့် "Soe Naing" Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အင်းလေးမြိုင်ရပ်ကွက်နေသူများဖြစ်သည့် လှဝင်း(ခ) စိုးကိုနှင့် ဒွေးလှိုင်တို့ နှစ်ဦးသည် ၎င်းတို့ အသုံးပြုသည့် "Hla Win" Facebook အကောင့် နှင့် "Daw Htay Hlaing" Facebook အကောင့်၊ မြိတ်မြို့ ရေပုန်းနယ်မြေနေ ဖြိုးကိုကို သည် ၎င်းအသုံးပြုသည့် "Phyo Ko Ko" Facebook အကောင့်၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာ အမှတ် (၅) ရပ်ကွက်နေ ကျော်မင်းထွေးသည် ၎င်းအသုံးပြုသည့် "Kyaw Min Htwe" Facebook အကောင့်၊ ချောင်းဆုံမြို့နယ် အမှတ် (၈) ရပ်ကွက်နေ ခင်မြင့်သန်း (ခ) ခင်ပြုံးသည် ၎င်းအသုံးပြုသည့် "Khin Myint Than" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၁၀ | ၁၈၅၅ | ၁၈၅၀ | ၁၈၂၀ | ၁၈၅၅ | ၁၈၈၀ | ၁၈၆၅ | ၁၈၄၀ | ၁၉၃၅ | ၁၉၅၀ | ၁၈၅၀ | ၁၈၅၅ | ၁၈၉၀ | ၁၈၉၅ | ၁၈၉၅ | ၂၁၁၅ | ၂၅၆၀ |
| 95 Ron | ၁၈၆၀ | ၁၉၁၀ | ၁၉၀၅ | ၁၈၇၀ | ၁၉၀၅ | ၁၉၃၀ | ၁၉၁၅ | ၁၈၉၀ | ၁၉၈၅ | ၂၀၀၀ | ၁၉၀၀ | ၁၉၁၅ | ၁၉၄၀ | ၁၉၄၅ | ၁၉၄၅ | ၂၁၆၅ | ၂၆၁၅ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၁၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၀ | ၂၈၄၅ |
| HSD (50 ppm) | ၂၁၃၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၀ | ၂၂၀၀ | ၂၁၆၅ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၄၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၁၃၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၀ | ၂၂၀၀ | ၂၁၆၅ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၄၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၈ | ၁၇၈၆ |
| 95 Ron | ၁၇၆၆ | ၁၈၃၅ |
| HSD (500 ppm) | ၁၉၇၈ | ၂၀၄၇ |
| HSD (50 ppm) | ၂၀၃၃ | ၂၁၀၃ |
| HSD (10 ppm) | ၂၀၃၃ | ၂၁၀၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

*❂ ကျောဖုံးမှ*

(၄၂၀၀) မဂ္ဂါဝပ်ခန့်ရှိသော်လည်း LNG ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှု (၇၅၀) မဂ္ဂါဝပ်ခန့်မှာ ဓာတ်ငွေ့ဈေးနှုန်း မြင့်တက်နေသဖြင့် ရပ်တန့်ထားရခြင်း၊ ဘီလူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်လျက်ရှိသည့် ဓာတ်အားလိုင်း(၂)လိုင်းမှာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးခံခဲ့ရသဖြင့် ဓာတ်အားစနစ်သို့ ပုံမှန် ပို့လွှတ်လျက်ရှိသည့် (၁၇၀) မဂ္ဂါဝပ်ခန့်မှာ ပို့လွှတ်နိုင်ခြင်းမရှိဘဲ ဓာတ်အားပြတ်တောက်လျက်ရှိ၍ စုစုပေါင်း ဓာတ်အားထုတ်လုပ်နိုင်မှု (၉၂၀) မဂ္ဂါဝပ်ခန့်မှာ လျော့နည်းလျက်ရှိသော်လည်း ယခုကာလတွင် မိုးရာသီရောက်ရှိပြီဖြစ်သဖြင့် ဓာတ်အားသုံးစွဲမှုလျော့ကျခြင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဆည်ရေရရှိမှု တိုးမြင့်လာမှုများကြောင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများ စဉ်ဆက်မပြတ်ရရှိရေး ဓာတ်အားစနစ်အား ထိန်းညှိမောင်းနှင်၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

၃။ သို့ရာတွင် (၂၁-၇-၂၀၂၂)ရက်နေ့၌ ဇောတိက ဓာတ်ငွေ့ပိုက်လိုင်းမှာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံခဲ့ရသဖြင့် ၎င်းဓာတ်ငွေ့ရယူသုံးစွဲလျက်ရှိသည့် ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သည့် ဓာတ်အားပမာဏ (၂၀၀) မဂ္ဂါဝပ်ခန့်မှာ ဓာတ်အားစနစ်အတွင်းသို့ ပို့လွှတ်နိုင်မှုမရှိခြင်းနှင့် အထက်ပိုင်းဓာတ်အားစနစ်အတွင်းရှိ ၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင် ဓာတ်အားလိုင်း တာဝါတိုင်၏ မူလီများဖြုတ်ယူ၍ ပြိုလဲအောင် ဖျက်ဆီးခံခဲ့ရသဖြင့် ဓာတ်အားလိုင်းတာဝါတိုင် (၂)တိုင် လဲကျပျက်စီးမှု ဖြစ်ပေါ်ခဲ့ခြင်းစသည်များကြောင့် (၂၄-၇-၂၀၂၂)ရက်နေ့တွင် ဝန်အားသုံးစွဲမှုနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်မှုအခြေအနေများအရ ဓာတ်အားစနစ်အတွင်း တည်ငြိမ်မှုလျော့နည်းကာ ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရသည်။



စက်ရုံကြီးများသို့ ပို့လွှတ်ထားသည့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဖောက်ခွဲ ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။

၄။ ထို့အပြင် (၂၆-၇-၂၀၂၂) ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ၁၃၂ ကေဗွီ တီကျစ်-ကလော ဓာတ်အားလိုင်းမှာ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့သလို ၂၃၀ ကေဗွီ ရွှေစာရံ - အောင်ပင်လယ် ဓာတ်အားလိုင်းမှာလည်း ထပ်မံ၍ ဓာတ်အားပြတ်တောက်ခဲ့သဖြင့် ဓာတ်အားစနစ်အတွင်း ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း (၁၁၂၀) မဂ္ဂါဝပ်ခန့် လျော့နည်းလျက်ရှိသဖြင့် ဓာတ်အားစနစ် တည်ငြိမ်မှုလျော့ကျကာ (၁၅:၃၆) အချိန်ခန့်တွင် ဓာတ်အားပြတ်တောက်မှု ထပ်မံဖြစ်ပေါ်ခဲ့ရသည်။

၅။ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများကို အမြန်ဆုံးဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိသည်။

၆။ သို့ဖြစ်ပါ၍ ဓာတ်အားပို့လွှတ်လျက်ရှိသည့် မဟာဓာတ်အားလိုင်းများနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖောက်ခွဲဖျက်ဆီးခံခဲ့ရသဖြင့် ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရသည့်အပေါ် ပြည်သူလူထုအနေဖြင့် နားလည်ပေးနိုင်ပါရန်နှင့် ဓာတ်အားလိုင်းများ ဖောက်ခွဲဖျက်ဆီးခံရခြင်း၊ အဖျက်အမှောင့်ပြုလုပ်ခြင်းများအပေါ် ပြည်သူ လူထုမှလည်း ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖောက်ခွဲရာတွင် အသုံးပြုသည့် ယမ်းကြိုးခွေကို တွေ့ရစဉ်။



၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင် ဓာတ်အားလိုင်းမှ ပြိုလဲပျက်စီးနေသည့် တာဝါတိုင် အမှတ် (၄၄) ကို တွေ့ရစဉ်။

# အယ်ဘေးနီးယားသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု ပထမနှစ်ဝက်အတွင်း ၂ ဒသမ ၅ သန်းကျော် ရှိလာ



**တီရာနာ ဇူလိုင် ၂၆**

ယခုနှစ် ပထမနှစ်ဝက်အတွင်း အယ်ဘေးနီးယားနိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု အရေအတွက်သည် ၂ ဒသမ ၅ သန်းကျော်ရှိသည့်အတွက် ယခင်နှစ် အလားတူ ကာလကထက် ၅၁ ဒသမ ၃ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း ဇူလိုင် ၂၅ ရက်တွင် စာရင်းအင်း‌ဌာနက ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

အယ်ဘေးနီးယား နိုင်ငံသို့ ဇွန်လ တစ်လတည်းတွင် နိုင်ငံခြားခရီးသွား ဝင်ရောက်မှုသည် ၈၇၆၀၅၆ ဦးရှိသည့်အတွက် ၄၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ အယ်ဘေးနီးယားနိုင်ငံသို့ လာရောက်လည်ပတ်သူများအနက် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအကြား ဂရိနိုင်ငံမှ ခရီးသွားများသည် ၁၉၉၉၄၃ ဦးအထိရှိကြောင်း သိရသည်။

အယ်ဘေးနီးယားနိုင်ငံသည် ယခုနှစ် ခရီးသွားရာသီတွင် ၂၀၁၉ ခုနှစ်က ကိုဗစ်-၁၉ မတိုင်မီ ကာလက နိုင်ငံခြားခရီးသွား ဝင်ရောက်မှုထက် ပိုများလာနိုင်ကြောင်း မျှော်လင့်ထားသည်။

**ဆင်ဟွာ**

# နိုင်ငံခေါင်းဆောင်တာဝန်များ လူကိုယ်တိုင်ထမ်းဆောင်နိုင်တော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ပြောကြား

**ဝါရှင်တန် ဇူလိုင် ၂၆**

ယခု သီတင်းပတ်အဆုံးတွင် လူကိုယ်တိုင် နိုင်ငံခေါင်းဆောင်တာဝန်များ ပြန်လည်ထမ်းဆောင်နိုင်တော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က သတင်းထောက်များကို ဇူလိုင် ၂၅ ရက်က ပြောကြားလိုက်သည်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

လွန်ခဲ့သော ကြာသပတေးနေ့က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့သော အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အုပ်ချုပ်ရေးအရာရှိများနှင့် အွန်လိုင်း အစည်းအဝေး၌ တွေ့ဆုံပြီးနောက် မိမိအနေဖြင့် အခြေအနေကောင်းမွန်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် အိမ်ဖြူတော်၌ သီးသန့်ခွဲခြားနေထိုင်လျက်ရှိစဉ် ကိုဗစ်-၁၉ အခြေအနေမှလည်း တိုးတက်ကောင်းမွန်လာပြီ ဖြစ်ကြောင်း ၎င်းက ပြောသည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း အိမ်ဖြူတော်က ကြေညာချက်ထုတ်ပြန်လိုက်ချိန်ကတည်းက ပထမဆုံးအကြိမ်အဖြစ် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် သတင်းမီဒီယာနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဘိုင်ဒင်၏ ကိုဗစ်-၁၉ ရောဂါလက္ခဏာကို လုံးဝပြေ့ရှင်းနိုင်တော့မည်ဖြစ်ကြောင်း အိမ်ဖြူတော်သမားတော် ဒေါက်တာ ကယ်ဗင်အိုကွန်နော်၏ နောက်ဆုံးထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၀၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဇူလိုင် ၂၆**

မလေးရှားနိုင်ငံ၌ ဇူလိုင် ၂၅ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၀၀ ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ကူးစက်ခံရသူများအနက် နှစ်ဦးသာလျှင် ပြည်ပပြန်ကူးစက်မှုဖြစ်ပြီး ကျန် ၃၂၉၈ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း သိရသည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ကိုးဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၃၅၈၂၃ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၀၀၀ နီးပါးရှိလာပြီဖြစ်

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၆**

အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၀၀၀ နီးပါးရှိလာပြီဖြစ်ကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)မှ နောက်ဆုံး ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

နယူးယောက်သည် အဆိုပါ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၉၀၀ ဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ကယ်လီဖိုးနီးယားက ကူးစက်ခံရသူ ၃၅၆ ဦးနှင့် ဖလော်ရီဒါက ကူးစက်ခံရသူ ၂၄၇ ဦးရှိကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ကြောင့် ပြည်သူ့ကျန်းမာရေးကျွမ်းကျင် ပညာရှင်များက အမေရိကန် နိုင်ငံအနေဖြင့် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန် အရေးကြီးသော အချိန်ရောက်ရှိနေပြီဖြစ်ကြောင်း သတိပေးထားသည်။



နယူးယောက်တွင် မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံရန် စောင့်ဆိုင်းနေကြသူများ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဇူလိုင် ၂၃ ရက်က မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို နိုင်ငံတကာ စိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် လူခုနစ်ဦးကို သတ်ဖြတ်မှု ကျူးလွန်သူအား သေဒဏ်စီရင်ချမှတ်

**တိုကျို ဇူလိုင် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လွန်ခဲ့သည့် ၁၄ နှစ်က ဓားဖြင့် ထိုးသတ်မှုကျူးလွန်ခဲ့သူ အမျိုးသားတစ်ဦးကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် သေဒဏ်စီရင်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ကာတိုတိုမိုဟီရို (အောက်ပုံ) သည် ၂၀၀၈ ခုနှစ် ဇွန်လက တိုကျိုမြို့ အာကီဟာဘာရာ ဈေးအရပ်၌ ဈေးဝယ်သူ လူအုပ်စုတစ်စုကို ထရပ်ကားဖြင့် ဝင်တိုက်ပြီး လမ်းသွားလမ်းလာများကို ဓားဖြင့် ထိုးသတ်ခြင်းတို့ဖြင့် တရားစွဲ ဆိုခံထားရသူဖြစ်သည်။ ထိုကဲ့သို့ ထိုးသတ်ခြင်းကြောင့် လူခုနစ် ဦးသေဆုံးပြီး ၁၀ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်တရားရုံးချုပ်သည် ကာတို၏ အယူခံဝင်မှုကို ပယ်ချခဲ့ပြီး သေဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ အဆိုပါ သေဒဏ်စီရင်မှုသည် လက်ရှိဝန်ကြီးချုပ် ကီရှီဒါ ဖူမီယို၏ လက်ထက်တွင် ဒုတိယမြောက် သေဒဏ်ပေးမှုခံရခြင်းဖြစ်ပြီး ပထမအကြိမ်သေဒဏ်ပေးမှုသည် ဒီဇင်ဘာလက ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




## ရှိုးဂန်းဇာတ်လမ်းတွဲဖြင့် နိုင်ငံတကာကြယ်ပွင့်ဖြစ်ခဲ့သော ဂျပန်ရုပ်ရှင်မင်းသမီး ရှိမာဒါယိုကို အသက် ၆၉ နှစ်တွင် ကွယ်လွန်

**တိုကျို ဇူလိုင် ၂၆**

ဂျပန်မင်းသမီး ရှိမာဒါယိုကိုသည် တိုကျိုရှိ ဆေးရုံတစ်ရုံတွင် ကွယ်လွန်ခဲ့ကြောင်းနှင့် ၎င်းကွယ်လွန်ချိန်တွင် အသက် ၆၉ နှစ်ရှိပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဇူလိုင် ၂၆ ရက်က ဖော်ပြသည်။

ရှိမာဒါကို ၁၉၅၃ ခုနှစ်တွင် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကူမာမိုတို ခရိုင်တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၁၉၇၁ ရုပ်သံဇာတ်လမ်းတွဲတွင် သူရဲကောင်းတစ်ဦးအဖြစ် နာမည်ကျော်ကြားလာခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစပြီး ရုပ်ရှင်ကားပေါင်းများစွာနှင့် တီဗွီဒရမ်မာပေါင်းမြောက်မြားစွာတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ရှီမာဒါသည် အမေရိကန် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတိုတစ်ခုဖြစ်သည့် “ရှိုးဂန်း”တွင် နိုင်ငံတကာမျက်နှာသိ ကြယ်ပွင့်ဖြစ်လာခဲ့သည်။ အဆိုပါ ဇာတ်လမ်းတွဲတိုဖြင့်ပင် ၁၉၈၁ ခုနှစ်တွင် အကောင်းဆုံးမင်းသမီးဆုဖြစ်သည့် “Golden Globe” ကိုရရှိခဲ့သည်။ ရှီမာဒါသည် အူမကြီးကင်ဆာကို နှစ်ပေါင်းများစွာကြာအောင် ခံစားခဲ့ရကြောင်း ၎င်းနှင့်အနီးကပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# နိုင်ငံရေးအကျပ်အတည်းကြားမှ လက်ဖက်တင်ပို့မှုလုပ်ငန်း နာလန်ထစပြုလာသည့် သီရိလင်္ကာ

ဇော်မိုး

သီရိလင်္ကာနိုင်ငံအလယ်ပိုင်း တောင်ကုန်းတောင်တန်းတွေမှာလွှမ်းခြုံထားတဲ့ စိမ်းလန်းစိုပြည်နေတဲ့ လက်ဖက်ခြံစိုက်ခင်းတွေမှအရွက်တွေဟာ ကမ္ဘာတစ်ဝန်းက လက်ဖက်ရည်သောက်သုံးသူတွေရဲ့ ခွက်ထဲမှာ အဆုံးသတ်သွားကြတယ်။ လက်ဖက်ဟာ သီရိလင်္ကာနိုင်ငံရဲ့ အားအထားရဆုံး၊ အကြီးမားဆုံး ပို့ကုန်တစ်ခုပါ။ အဲဒီလက်ဖက်ပို့ကုန်ကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်လောက်အထိ ရှာဖွေပေးနိုင်တယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ သို့သော်လည်း ထင်မှတ်မထားတဲ့ စီးပွားရေးရိုက်ခတ်မှုတွေက လက်ဖက်လုပ်ငန်းကို အကြီးအကျယ် ထိခိုက်စေခဲ့ပါတယ်။



**လက်ဖက်အများစုကို လယ်သမား အသေးစားလေးတွေ စိုက်ပျိုးကြ**

သီရိလင်္ကာနိုင်ငံရဲ့ လက်ဖက်အများစုကို ကဒူဂွန်နာဝါရွာအနီးနားမှာ စိုက်ပျိုးမြေနှစ်ဧကပိုင်ဆိုင်တဲ့ ရိုဟန် တီလခ် ဂူရူဆင်ဟီးတို့လို လယ်သမားအသေးစားလေးတွေက စိုက်ပျိုးကြတယ်လို့ ဆိုပါတယ်။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့နှစ်မှာ သီရိလင်္ကာအစိုးရက ဓာတုဓာတ်မြေဩဇာ တင်သွင်းမှုကို ပိတ်ပင်လိုက်တဲ့အကျိုးဆက်ကြောင့် လက်ရှိအချိန်အထိ လုံးလည်လိုက်နေတုန်းပဲလို့ အဆိုပါလက်ဖက်စိုက်တောင်သူက ဆိုပါတယ်။ ဓာတ်မြေဩဇာတွေ၊ စက်သုံးဆီတွေမရှိရင် ယင်းလုပ်ငန်းရဲ့အနာဂတ်နဲ့ပတ်သက်ပြီး မစဉ်းစားရဲလောက်အောင်ပင် ဖြစ်နေတယ်လို့လည်း ဆက်ပြောပါတယ်။

နိုင်ငံခြားအရန်ငွေ လျော့နည်းမှုကို ဟန့်တားနိုင်ဖို့အတွက် ပြည်ပသွင်းကုန်တွေကို တင်သွင်းခွင့်တားမြစ်လိုက်ခြင်းက အကောင်အထည်ဖော်ခဲ့တဲ့ အဆိုးရွားဆုံးမူဝါဒတွေထဲမှ တစ်ခုဖြစ်တယ်ဆိုတာ လက်ဖက်စိုက်တောင်သူတွေရဲ့ အခြေအနေကို ကြည့်ရင် မြင်သာတယ်လို့ ဆိုပါတယ်။ နောက်ပိုင်းမှာတော့ ပြောင်းပြန်ဖြစ်သွားခဲ့ပေမယ့် ဓာတ်မြေဩဇာဈေးတွေက ခေါင်ခိုက်သွားခဲ့ပြီး ရင်းနှီးဖို့ကိုပင် မလွယ်တဲ့အခြေအနေ ဖြစ်သွားတယ်လို့ ဆိုပါတယ်။ အဲဒီလိုဖြစ်တာနဲ့ပတ်သက်ပြီး သမ္မတဟောင်း ရာဂျာပဲ့ခ်ဆာရဲ့ ဆိုးရွားတဲ့မူဝါဒတွေနဲ့ စီမံခန့်ခွဲမှုလွဲမှားမှုတွေပေါ် အများစုက အပြစ်တင်လိုကြတယ်။ လူဦးရေ ၂၂ သန်းလောက်ရှိတဲ့ သီရိလင်္ကာနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့နှစ်ကုန်မှာ ပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော်ရှိတယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။

**လက်ဖက်စက်ရုံအလုပ်ရုံ ပိုင်ရှင်တွေအကြား အဆင်မပြေမှုတွေဖြစ်ပေါ်**

လက်ဖက်ရွက်တွေကို စိုက်ခင်းထဲကနေ စက်ရုံအလုပ်ရုံတွေဆီကို သယ်ပို့ဖို့ ကုန်တင်ကားတွေကိုသာ အဓိကမှီခိုအားထားနေရတဲ့အတွက် နှောင့်နှေးကြန့်ကြာမှု ဖြစ်စေတာကြောင့် အရွက်တွေ ခြောက်သွေ့ကာ အရည်အသွေး ကျဆင်းသွားတယ်လို့ လက်ဖက်စိုက်တောင်သူတွေက ဆိုပါတယ်။ စက်သုံးဆီရဖို့ စောင့်ဆိုင်းနေတဲ့ ယာဉ်တန်းကြီးက နိုင်ငံရဲ့မြို့တော် ကိုလံဘိုမှာသာမက နိုင်ငံတစ်ဝန်းမှာ ဖြစ်ပွားနေလျက်ရှိတာကြောင့်လည်း လက်ဖက်စက်ရုံအလုပ်ရုံပိုင်ရှင်တွေအကြား အဆင်မပြေမှုတွေ ဖြစ်ပေါ်နေတာပါ။

သီရိလင်္ကာနိုင်ငံရဲ့ လက်ဖက်တင်ပို့မှု ယခုနှစ်မှာ ကျဆင်းခဲ့ခြင်းဟာ ၂၃ နှစ်အတွင်း အဆိုးရွားဆုံးကျဆင်းမှုဖြစ်တယ်လို့ အချက်အလက်တွေအရ သိရပါတယ်။ ဒ့ါအပြင် ရုရှား-ယူကရိန်း နှစ်နိုင်ငံဟာ သီရိလင်္ကာနိုင်ငံမှ လက်ဖက်ကို အများဆုံးဝယ်ယူတဲ့နိုင်ငံတွေဖြစ်ပေမယ့် အဆိုပါနှစ်နိုင်ငံ စစ်မက်ဖြစ်ပွားနေခြင်းကြောင့် အခုလိုစီးပွားရေး ကျဆင်းရခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

လက်ဖက်တင်ပို့မှုဟာ ဒေါ်လာများစွာရရှိစေတဲ့ ရင်းမြစ်တစ်ခုဖြစ်ကြောင်း၊ စက်ရုံတွေက အလုပ်သမားနှစ်သန်းလောက်ခန့်ပေမယ့် ထုတ်လုပ်မှုအဆင့်ကတော့ ကျလာကြောင်း ပြောပါတယ်။ အန်ကွန်ဘရာရှိ စက်ရုံကြီးတွေကို ဦးဆောင်တဲ့ မီဇန်မိုဟီဒင်းက စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ဖို့နေနေသာသာ လက်ရှိလုပ်ငန်းကိုပင် ရပ်မသွားအောင် မနည်းကျားကန်နေရတဲ့ အခြေအနေမှာ စက်သုံးဆီမရှိရင် အလွန့်အလွန်ခက်ခဲပြီး ဒီအတိုင်းသာ ဆက်သွားနေရင် စက်ရုံအလုပ်ရုံ ပိတ်ထားရဖွယ်ရှိတယ်လို့ ပြောပါတယ်။

**အထိခိုက်အဆိုးရွားဆုံးခံစားရတာကတော့ အဆင်းရဲဆုံးသူတွေဖြစ်**

ပုံမှန်အတိုင်းဆိုရင် လော်ရီကား အစီး ၂၀ ခန့်လောက်နဲ့ လည်ပတ်နေတာပါ။ လက်ရှိမှာတော့ ရှစ်စီးလောက်နဲ့ လည်ပတ်နေရတယ်လို့ ဆိုပါတယ်။ နောက်ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် တစ်ပတ်မှာ သုံးရက်၊ လေးရက်လောက်ပဲ အလုပ်လုပ်ရတဲ့ စက်ရုံအလုပ်ရုံတွေလည်း ရှိတယ်လို့ ပြောပါတယ်။ ၎င်းရဲ့စက်ရုံအနေနဲ့ ပုဂ္ဂလိကတင်သွင်းသူတွေမှတစ်ဆင့် စက်သုံးဆီရရှိနိုင်တဲ့ အချိန်အထိ စက်ရုံလည်ပတ်မှုကို သိသိသာသာ လျှော့ချထားခဲ့ရတယ်။ အခြားစက်ရုံအသေးစားလေးတွေလည်း ပိုမိုရုန်းကန်နေကြရပြီး ဒီလိုအကျပ်အတည်းကာလမှာ အထိခိုက်နဲ့အဆိုးရွားဆုံးခံစားရတာကတော့ အဆင်းရဲဆုံးသူတွေ ဖြစ်တယ်လို့ ပြောပါတယ်။

စိုက်ခင်းထဲမှာ နုးညွှံတဲ့လက်ဖက်ရွက်တွေကို အိတ်ကြီးထဲ ခူးဆွတ်ထည့်တဲ့ လက်ဖက်ခူးတဲ့ အလုပ်သမားတွေကိုတော့ အနိမ့်ဆုံးလုပ်ခထက် အနည်းငယ်ပိုပေးရတယ်လို့ ဆိုပါတယ်။ သီရိလင်္ကာနိုင်ငံမှာ အစားအသောက်ဈေးတွေကလည်း တစ်နေ့တခြား မြင့်တက်လာတယ်။ ဇွန်လရဲ့ငွေကြေးဖောင်းပွမှုက ယခင်နှစ်က အလားတူကာလနဲ့ နှိုင်းယှဉ်ကြည့်ရင် ၅၀ ရာခိုင်နှုန်းကျော် ထိုးတက်လာတယ်လို့ ဆိုပါတယ်။

**ဈေးနှုန်းတွေ နှစ်ဆတက်**

ချိန်တွယ်ရမယ့် လက်ဖက်အိတ်တွေကို သယ်ဆောင်လာတဲ့ မီဇန်မိုဟီဒင်း လက်ဖက်ခြံထဲက လက်ဖက်ခူးသူတွေဟာ ခက်ခဲလာတဲ့ နေ့စဉ်ဘဝအခြေအနေတွေနဲ့ပတ်သက်ပြီး ညည်းညူလျက်ရှိပါတယ်။ အရင်တုန်းကတော့ ပိုပိုလျှံလျှံနဲ့ အဆင်ပြေပေမယ့် အခုတော့ ဈေးနှုန်းတွေက နှစ်ဆတက်လာတယ်။ တစ်နေ့လုပ်ပြီး ရှာရသမျှ စားတာနဲ့တင် ကုန်ဆုံးနေတယ်လို့ ပြောပါတယ်။

နိုင်ငံတွင်း ပြင်းထန်တဲ့ စီးပွားရေးကျပ်တည်းမှုကြောင့် ဆန္ဒပြမှုတွေ အကြီးအကျယ်ဖြစ်ပေါ်နေချိန် ဂိုတာဘာယာ ရာဂျာပဲ့ခ်ဆာသည် ဇူလိုင်လဒုတိယပတ်မှာ သမ္မတရာထူးမှနုတ်ထွက်ခဲ့ပါတယ်။ လက်ရှိမှာတော့ သီရိလင်္ကာနိုင်ငံမှာ သမ္မတသစ်နဲ့ အစိုးရသစ် ဖွဲ့စည်းထားပြီးဖြစ်တာကြောင့် ခက်ခဲကျပ်တည်းနေတဲ့ လက်ဖက်လုပ်ငန်းလုပ်ကိုင်နေသူတွေ ယခင်ကာလကထက် အဆင်ပြေလာဖွယ် ရှိပါတယ်။ ဒ့ါအပြင် မကြာသေးမီက သမ္မတသစ် ရာနေဝိတ်ရီမီဆင်းဂီက စက်သုံးဆီဖြန့်ဖြူးရေးလုပ်ငန်းကို အရှိန်မြှင့်တင်ပြီး စာသင်ကျောင်းနဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ အဓိကထားပံ့ပိုးပေးနိုင်ဖို့အတွက် တာဝန်ရှိသူတွေကို ညွှန်ကြားထားပါတယ်။

နိုင်ငံအတွင်း စက်သုံးဆီမှောင်ခိုဈေးကွက်ကို ချက်ချင်းကိုင်တွယ်ဖြေရှင်းဖို့နဲ့ စုံစမ်းစစ်ဆေးမှုတွေလုပ်ဆောင်ဖို့လည်း ရဲတပ်ဖွဲ့ကို သမ္မတ ရာနေဝိတ်ရီမီဆင်းဂီက ညွှန်ကြားထားပါတယ်။ ဒ့ါအပြင် စက်သုံးဆီ ပြတ်လပ်မှုကြောင့် တစ်လနီးပါးကြာ ပိတ်ထားခဲ့ရတဲ့ အစိုးရပိုင် စာသင်ကျောင်းတွေနဲ့ အစိုးရမှ ခွင့်ပြုထားတဲ့ ပုဂ္ဂလိကပိုင် စာသင်ကျောင်းတွေလည်း ဇူလိုင် ၂၅ ရက်က ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် သီရိလင်္ကာနိုင်ငံက လက်ဖက်စိုက်တောင်သူတွေရဲ့ လက်ဖက်တင်ပို့မှုလုပ်ငန်းအတွက် အဆင်ပြေစေဖို့ မျှော်လင့်ချက်ရောင်ခြည်သမ်းစ ပြုလာပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

ကိုးကား - sri-lankas-tea-farmersstruggling-to-survive/

**လူဦးရေ ၂၂ သန်းလောက်ရှိတဲ့ သီရိလင်္ကာနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့နှစ်ကုန်မှာ ပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော်ရှိတယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်**

**သီရိလင်္ကာနိုင်ငံရဲ့ လက်ဖက်တင်ပို့မှု ယခုနှစ်မှာကျဆင်းခဲ့ခြင်းဟာ ၂၃ နှစ်အတွင်း အဆိုးရွားဆုံးကျဆင်းမှုဖြစ်တယ်လို့ အချက်အလက်တွေအရ သိရပါတယ်**

**လက်ရှိမှာတော့ သီရိလင်္ကာနိုင်ငံမှာ သမ္မတသစ်နဲ့ အစိုးရသစ် ဖွဲ့စည်းထားပြီးဖြစ်တာကြောင့် ခက်ခဲကျပ်တည်းနေတဲ့ လက်ဖက်လုပ်ငန်းလုပ်ကိုင်နေသူတွေ ယခင်ကာလကထက် အဆင်ပြေလာဖွယ်ရှိပါတယ်**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဇူလိုင် ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၆ ရာခိုင်နှုန်းရှိ

(၂၆–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၅၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၀၆,၀၃၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၉၈၀) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၈၃၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၆–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၃၀) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၄၆) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၉) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၈၀) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၂၀) ခု | (၆)ဦး |
| **စုစုပေါင်း** | (၅,၄၅၈) ခု | (၁၄)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ ပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၆-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၃၃၉၉၂၅ | ၈၇၅၄၉၆၁၅ | ၁၀၅၂၄၆၇ |
| ၂။ | အိန္ဒိယ | ၄၃၉၂၀၄၅၁ | ၄၃၂၄၆၈၂၉ | ၅၂၆၁၁၀ |
| ၃။ | ဘရာဇီး | ၃၃၆၂၁၉၆၅ | ၃၂၀၃၆၇၆၁ | ၆၇၇၂၁၃ |
| ၄။ | ပြင်သစ် | ၃၃၅၄၃၄၅၇ | ၃၁၅၀၇၁၆၇ | ၁၅၁၅၆၀ |
| ၅။ | ဂျာမနီ | ၃၀၄၇၆၆၀၅ | ၂၈၅၀၅၄၀၀ | ၁၄၃၃၆၄ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၅၄၂၀၀၇ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၆၈၄၁၈၂ | ၁၉၀၉၈၈၂၁ | ၁၇၀၉၇၉ |
| ၈။ | တောင်ကိုရီးယား | ၁၉၃၄၆၇၆၄ | ၁၈၄၄၆၂၈၂ | ၂၄၉၀၇ |
| ၉။ | ရုရှား | ၁၈၅၄၅၀၀၉ | ၁၇၉၄၈၃၃၀ | ၃၈၂၂၃၆ |
| ၁၀။ | တူရကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## ၂၆-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၇၀၃၀၄ | ၉၈၇၄၀၇၅ | ၄၃၀၉၂ |
| အင်ဒိုနီးရှား | ၆၁၇၈၈၇၃ | ၅၉၇၈၅၂၂ | ၁၅၆၉၂၉ |
| မလေးရှား | ၄၆၅၄၉၅၁ | ၄၅၇၂၇၁၂ | ၃၅၉၂၃ |
| ထိုင်း | ၄၅၇၉၄၂၁ | ၄၅၂၄၅၉၂ | ၃၁၂၂၇ |
| ဖိလစ်ပိုင် | ၃၇၅၇၇၆၂ | ၃၆၆၉၄၂၅ | ၆၀၆၉၄ |
| စင်ကာပူ | ၁၆၆၄၇၀၇ | ၁၅၇၀၄၆၉ | ၁၄၈၃ |
| မြန်မာ | ၆၁၃၉၈၀ | ၅၉၂၈၃၆ | ၁၉၄၃၄ |
| လာအို | ၂၁၀၈၇၇ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၂၀၀၂၇၉ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၆၁ | ၁၃၃၄၂၁ | ၃၀၅၆ |

## မိုင်းရယ်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးနှင့် အကြိမ်ပြည့်ထိုးနှံရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေး

မိုင်းရယ် ဇူလိုင် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး(Booster Dose) အကြိမ်ပြည့်ထိုးနှံရန်ကျန်ရှိသူများအား ယနေ့နံနက်ပိုင်းမှစ၍ ကျေးရွာအုပ်စု ကိုးအုပ်စု၌ ထိုးနှံပေးသည်။

အဆိုပါ ထပ်ဆောင်းကာကွယ်ဆေးကို ဟိုယကျေးရွာအုပ်စု၊ နောင်မိုကျေးရွာအုပ်စု၊ လုတ်ခိုက်ကျေးရွာအုပ်စု၊ ခိုဆိုင်းကျေးရွာအုပ်စု၊ မန်ဖိုင်ကျေးရွာအုပ်စု၊ မန်ကျောင်းကျေးရွာအုပ်စု၊ နားဖျိုင်းကျေးရွာအုပ်စု၊ နားခိုကျေးရွာအုပ်စုနှင့် နမ့်ဆွမ်ကျေးရွာအုပ်စုတို့တွင် ဦးတည်အုပ်စုများမှ ပြည်သူ ၃၁၇ ဦး၊ ကြိမ်ပြည့်ထိုးနှံရန်ကျန်ရှိသူ ၂၁၃ ဦးကို ထိုးနှံပေးခဲ့ပြီး ယနေ့တွင် စုစုပေါင်း ပြည်သူ ၅၃၀ ကို ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

မိုင်းရယ် (ပြန်/ဆက်)

# လဟယ်မြို့တည် နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

လဟယ် ဇူလိုင် ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တည် နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ(ဖလား) ရပ်ကွက်ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လဟယ်မြို့ ရွှေပြည်သာအားကစားကွင်း၌ ကျင်းပသည်။**

ရှေးဦးစွာ အားကစားသမားများက နေရာယူပြီး ကွင်းဖွင့်ပွဲအခမ်းအနားကို စစ်ကြောင်းမှူးက ကြေညာကာ စစ်ကြောင်းမှူးက အားကစားသမားများကို နာဂဒေသ စီမံအုပ်ချုပ်ရေး ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း ထံသို့ အပ်နှံပြီး နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကွင်းဖွင့်ပွဲအမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစား သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆို၍ မွန်ထွေကျေးရွာ ကျောင်းသူလေးများက အားကစားသီချင်းဖြင့် ဖျော်ဖြေကာ ဦးစီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသမားများကို အသင်းလိုက် လိုက်လံနှုတ်ဆက်သည်။ (ယာပုံ)

ထို့နောက် စတင်ယှဉ်ပြိုင်ရာတွင် ပွဲဦးထွက်အနေဖြင့် (NYRDDC)လက်ရွေးစင်အသင်းနှင့် ထန်းပါခွေလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကြသည်။ အဆိုပါ လဟယ်မြို့တည် နှစ်(၅၀) ပြည့် ရွှေရတု အထိမ်းအမှတ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ (ဖလား)ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၁၆ သင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း၊ အဆိုပါ



အားကစားပြိုင်ပွဲသို့ နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ များ၊ အားကစားပြိုင်ပွဲဝင်များ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဦးဇာနည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကြည့်ရှုအားပေးကြကြောင်း သိရ အဖွဲ့ဝင်များ၊ လဟယ်မြို့နယ် ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာ သည်။ **ယွန်း(မုံရွာ၊ ကိုယ်ပွား)**

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်း၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်ကားလမ်း မိုင်တိုင်(၂၀) (၅)ဖာလုံခန့်တွင် ကုန်တင်ယာဉ် တစ်စီးပေါ်၌ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၇၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ် (Semi Trailer) ပါ ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၇၂၀၀၀) ကို ဖမ်းဆီးရမိပြီး ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ဇူလိုင် ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်မြို့နယ်အတွင်း တရားမဝင် ရေနံစိမ်း ဂါလန် ၈၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၂၁၁၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ သရက်ခရိုင် ကံမမြို့နယ် ပုသိမ်–မုံရွာ ကားလမ်း မိုင်တိုင်အမှတ် ၁၆၀/၆ အရှေ့ဘက်၌ တရားမဝင် သစ်မျိုးစုံ(၁ ဒသမ ၈၀၀၄) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၈၃၁၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၀၄၂၂)ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇူလိုင် ၂၆ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တောမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များအတွင်း တရားမဝင် သစ်မျိုးစုံ (၃၅ ဒသမ ၉၅၅၈)တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၉၂၆၁၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ (၇ ဒသမ ၇၃၇၄)တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၃၅၄၉၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပဲခူးမြို့နယ်အတွင်း Nissan Fairlady –350Z အမျိုးအစား လိုင်စင်မဲ့ ပြိုင်ကား တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) **(ဝဲပုံ)** ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၃၅၄၉၂) ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂၆၀၅၂၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၉၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၇ ဒသမ ၅၂ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၉၃ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၇၇ ဒသမ ၅၂ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက် ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရမည်းသင်း–ရွှေမြင်တင် သွားကားလမ်း သင်ပန်းကုန်းလမ်းဆုံတွင် ရွှေမြင်တင်မှ ရမည်းသင်းဘက်သို့ အောင်မျိုးထက် (ခ) ငယ်ငယ်မောင်းနှင်ပြီး ရာဇာစိုး(ခ)စိုးငယ် လိုက်ပါလာသည့် ဒိုင်နာမော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၇၇ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ နံနက် ၄ နာရီခွဲတွင် ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ကြီး ရွှေပြည်သာရပ်ရှိ တည်းခိုခန်းတွင် ဘိန်းဖြူများ တာဝန်ခံ သယ်ဆောင်သူများဖြစ်ကြသည့် ဇော်ဦး၊ ခွန်ထွန်းလင်းနှင့်အတူ ဖမ်းဆီးရမိ ဘိန်းဖြူများ သယ်ဆောင် ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မောင်ငြိမ်း၊ ကိုလေး(ခ)သန့်ဇော်ထွန်း၊ အိုက်အွမ်၊ သိန်းလင်းမောင်(ခ)ဒိုဇာ၊ ထွန်းထွန်းဦး(ခ)ကြီးဘ၊ ကျော်သူတို့ ရှစ်ဦးကို ဘိန်းဖြူ သုည ဒသမ ၀၂ ကီလို၊ ဟိုက်ဂျက်မော်တော်ယာဉ် တစ်စီး၊ SURF မော်တော်ယာဉ် တစ်စီး၊ 4 WHEEL DOUBLE CAB မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၉၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၇ ဒသမ ၅၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



အောင်မျိုးထက်နှင့် ရာဇာစိုး တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



ဘိန်းဖြူများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**



## တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၉ နှစ်အောက် ဘောလုံးပြိုင်ပွဲ မွန်အသင်းဂိုးပြတ်နိုင်

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၉) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းအမှတ် (၁) နှင့် (၃) ၌ ကျင်းပရာ ယနေ့ညနေ ၃ နာရီခွဲတွင် ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကွင်းအမှတ် (၁) ၌ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို သုံးဂိုး-ဂိုး (မရှိ) ဖြင့် အနိုင်ရပြီး ကွင်းအမှတ် (၃) ၌ ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ တစ်ဖက် သုံးဂိုးစီဖြင့် သရေဖြစ်ခဲ့သည်။

ဇူလိုင် ၂၇ ရက်တွင် ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ညနေ ၃ နာရီခွဲတွင် ကွင်း အမှတ် (၁) ၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ ကွင်းအမှတ် (၃) ၌ ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

## ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း ပထမအဆင့် ရှုံး/ထွက်ပွဲစဉ်များ ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B) ရုံ၌ ဆက်လက်ကျင်းပရာ ပထမအဆင့် ရှုံး/ထွက် ပြိုင်ပွဲများအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက နေပြည်တော်စည်ပင်အသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နေပြည်တော် ကောင်စီအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စက်မှုဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B) ရုံ၌ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**



## (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၆**

ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက် အထိ အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင် ကျင်းပမည့် (၁၁) ကြိမ် မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာမသန်စွမ်း အားကစားအဖွဲ့သည် ယနေ့နံနက် ၄ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသား လေကြောင်းစင်းလုံးငှားလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့သို့ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ဥပဒေချုပ် ဦးငွေအောင်နှင့် တာဝန်ရှိသူများက အားပေးစကားပြောကြားပြီး တစ်ဦးချင်း နှုတ်ဆက်ကာ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်၊ မြားပစ်၊ Goalball ၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက် ဘော်လီဘော၊ အလေးမ စသည့် အားကစားနည်းခုနစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု ဖိတ်ကြားခံပုဂ္ဂိုလ် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် လှမိုး ခေါင်းဆောင်သော မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အုပ်ချုပ်သူများ၊ နည်းပြများ၊ မသန်စွမ်းအားကစား သမားများ စုစုပေါင်း ၁၀၈ ဦး လိုက်ပါသွားကြသည်။

**အာကာစိုး**

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ယခုနှစ်တွင် ကျင်းပရန် စီစဉ်

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနေရှင်နယ်လိဂ်သည် နှစ်အနည်းငယ်ကြာ ကျင်းပနိုင်ခြင်းမရှိသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်နေပြီး အောက်တိုဘာမှ ဒီဇင်ဘာအတွင်း ပြုလုပ်မည်ဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၆-၂၀၁၇ ရာသီ၊ ၂၀၁၇-၂၀၁၈ ရာသီ၊ ၂၀၁၈-၂၀၁၉ ရာသီကျင်းပပြီးနောက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားရခြင်း ဖြစ်သည်။

ယခုနှစ်တွင် ပြန်လည်ကျင်းပမည့် အမျိုးသမီးလိဂ်ပြိုင်ပွဲကို အသင်း ခုနစ်သင်း သို့မဟုတ် ရှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများကို အတည်ပြုလျက်ရှိပြီး နောက်ဆုံးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းအများစု ပြန်လည်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်သည်။ ယခုရာသီတွင် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းမှာလည်း ပြိုင်ပွဲအတွေ့အကြုံရစေရန် အမျိုးသမီးလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

ကျင်းပပြီးစီးခဲ့သည့် သုံးကြိမ်တွင် ၂၀၁၆-၂၀၁၇ ရာသီနှင့် ၂၀၁၇-၂၀၁၈ ရာသီ၌ မြဝတီအသင်း၊ ၂၀၁၈-၂၀၁၉ ရာသီတွင် အား/ကာသိပ္ပံအသင်းတို့ ဗိုလ်စွဲထားသည်။ အား/ကာသိပ္ပံအသင်းသည် ယခုနှစ် ကျင်းပမည့် အာရှအမျိုးသမီးကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အရှေ့အာရှဇုန်တွင် ယှဉ်ပြိုင်ခွင့်ရရှိထားသည်။

**ရဲရင့်လွင်**

◆ *ကျော့ဖုံးမှ*

စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူနေအိမ်များ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က အခြေအနေကို ထိန်းသိမ်းနိုင်ရေး အဆိုပါနေရာသို့ ဝန်ခြိုး-ပင်တောင်-တပ်ကုန်း-ကိုင်းလယ်လမ်းအတိုင်း ထွက်ခွာလာစဉ် တပ်ကုန်းကျေးရွာ၏ တောင်ဘက် မီတာ ၁၀၀ ခန့် အကွာအရောက်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ချောင်းမြောင်းပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ သည် စမ်းရေခုံကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။



ဦးဝင်းအေး၊ ဒေါ်ခိုင်နှင်းကြည်၊ မသုန်နဒီမိုး၊ မောင်ညဏ်လင်းအောင်(သေဆုံး)



ဦးစန်းမင်းအောင် (သေဆုံး)





ဦးတင်မောင်ဝင်း (သေဆုံး)



ဒေါ်ခင်မြင့်စိုး (သေဆုံး)



ပြည့်စုံအောင် (ဒဏ်ရာရ)

**မီးလောင်ဒဏ်ရာများဖြင့် သေဆုံး**

ဆက်လက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက တပ်ကုန်း ကျေးရွာသို့ သွားရောက်စစ်ဆေး ခဲ့ရာ PDF အမည်ခံအကြမ်းဖက် အဖွဲ့များ၏ မီးရှို့၊ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာရှိ လူနေ အိမ် ၄၁ လုံးခန့်မှာ မီးလောင် ကျွမ်းနေသည်ကို တွေ့ရှိရပြီး အဆိုပါ ကျေးရွာကာကွယ်ရေး အဖွဲ့ဝင်များဖြစ်သည့် ဦးစန်းမင်း အောင် (၃၃) နှစ် (ဘ) ဦးတင်အောင်၊ ဦးတင်မောင်ဝင်း (၃၇) နှစ် (ဘ) ဦးမြထွန်းနှင့် ကျေးရွာနေပြည်သူ ဒေါ်ခင်မြင့်စိုး (၅၀) နှစ် (ဘ) ဦးချစ်စိန်တို့တွင် ကျည်ထိမှန် ဒဏ်ရာများဖြင့် လည်းကောင်း၊ ကျေးရွာနေပြည်သူများဖြစ်သည့် ဦးဝင်းအေး (၃၅) နှစ် (ဘ) ဦးကျော်အောင်၊ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ခိုင်နှင်းကြည် (၃၄) နှစ် (ဘ) ဦးထွန်းခင်၊ သမီးဖြစ်သူ မသုန်နဒီ မိုး (၁၂) နှစ်နှင့် သားဖြစ်သူ ညဏ်လင်းအောင် (၇) နှစ်တို့မှာ မီးလောင်ဒဏ်ရာများဖြင့် လည်း ကောင်း သေဆုံးနေပြီး ကျေးရွာ ကာကွယ်ရေးအဖွဲ့ဝင် ကိုပြည့်စုံ အောင် (၂၁) နှစ် (ဘ) ဦးအေးကြံ တွင် ယာနားရွက် ကျည်ထိမှန် ဒဏ်ရာတစ်ချက် ရရှိထားသည် ကို တွေ့ရှိရသဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ရေး ပေါက်မြို့နယ် ပြည်သူ့ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

**ဥပဒေနှင့်အညီ အရေးယူနိုင်ရေး**

ထိုကဲ့သို့ ကျေးရွာနေအပြစ်မဲ့ ပြည်သူများကို ပစ်ခတ်တိုက် ခိုက်ခဲ့ပြီး လူနေအိမ်များ မီးရှို့ ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူ များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီထိရောက်စွာ ဖော်ထုတ် အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆင်းရဲတွင်းမှ လွတ်ကင်းကြပါစေ

ရေနံ့သာမောင်ကျော်ညွန့်

မန်လည်ဆရာတော်ဘုရားကြီးက "မဃဒေဝလင်္ကာသစ်" အပိုဒ်ရေ (၂၆၁) မှာ-

"လူမိုက်တစ်သောင်း၊ ချီးမွမ်းရှောင်းလည်း၊ လူကောင်းတစ်ယောက်၊ ပြစ်တင်ကြောက်လော့၊ ရှေ့နောက်မဆ၊ လူ့ဗာလတို့၊ ဂုဏဒေါသ၊ နှစ်ဝကျိုးပြစ်၊ စိစစ်မြော်မြင်၊ မဆင်ခြင်ဘူး၊ ဆိုချင်မက်မော၊ ဆိုလျှင်ဆောဖြင့်၊ သဘောအလိုက်၊ တုတ်နှင့်ရိုက်သို့၊ လူမိုက်ချီးမွမ်း၊ ဂုဏ်နာနွမ်း၏။" လို့ ရေးဖွဲ့တော်မူခဲ့ပါတယ်။

အဲဒီလင်္ကာပိုဒ်ကို ဓမ္မပိယဆရာတော် အရှင်သံဝရာလင်္ကာရပြုစုတော်မူတဲ့ "မဃဒေဝလင်္ကာ အဖြေကျမ်း"မှာ "လူမိုက်ပေါင်းတစ်သောင်းက ချီးမွမ်းနေသော်လည်း သစ္စာစကားဆိုတတ်သည့် သူတော်ကောင်းတစ်ယောက်၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ကြောက်ပါလေ့။ လူမိုက်တို့သည် အကျိုးအပြစ်၊ ရှေ့နောက်ကိုမဆင်ခြင်ဘဲ ပြောလိုရာကိုသာ လူမိုက်တို့သဘောအတိုင်း တုတ်နှင့်ရိုက်သကဲ့သို့ ပြောတတ်ခြင်းကြောင့် လူမိုက်တို့၏ ချီးမွမ်းစကားသည် မိမိ၏ ဂုဏ်သိက္ခာကိုသာ ညစ်နွမ်းစေ၏။"လို့ အဓိပ္ပာယ်ဖွင့်ဆိုပေးထားပါတယ်။

**ကဲ့ရဲ့စကားကို မကြားချင်**

လူမှုနယ်ပယ်ထဲမှာ ကျင်လည်နေကြရတဲ့ သူတိုင်းက ချီးမွမ်းတာ၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တာနဲ့ ကင်းလွတ်သူမရှိပါဘူး။ ဘယ်သူမဆိုချီးမွမ်းတာလည်းခံရမယ်၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တာလည်းခံရမယ်။ ချီးမွမ်းခံရတာကို သဘောကျတယ်။ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့ခံရတာကိုတော့ သဘောမကျဘူး။ ချီးမွမ်းတဲ့စကားကိုပဲ ကြားချင်ကြတယ်။ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တဲ့စကားကိုတော့ မကြားချင်ကြဘူး။

ဘယ်သူမဆို ချီးမွမ်းတဲ့စကားကို ကြားရရင် ကျေနပ်တယ်။ သဘောကျတယ်။ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တဲ့စကားကိုကြားရရင် မကျေနပ်ဘူး။ သဘောမကျဘူး။ ကျေနပ်သဘောကျတော့ သာယာတယ်။ မကျေနပ် သဘောမကျတော့ ခံပြင်းရရော။ ဒါကလည်း သဘာဝပါပဲ။ ဒါပေမယ့် ချီးမွမ်းခံရတိုင်းလည်း သာယာစရာမဟုတ်သလို အပြစ်ဆို အပြစ်တင်ကဲ့ရဲ့ခံရတိုင်းလည်း ခံပြင်းစရာမဟုတ်ပါဘူး။

ချီးမွမ်းတဲ့သူ၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တဲ့သူက သူ့ရဲ့အကဲဖြတ်အမှတ်ပေးတဲ့အပေါ် မူတည်ပြီး သူ့အမြင်၊ သူ့အတွေးနဲ့ချီးမွမ်းတာ၊ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာပါ။ ဒီတော့ အကဲဖြတ်အမှတ်ပေးသူက တရားမျှတဖို့၊ ဘက်မလိုက်ဖို့၊ သမာသမတ်ကျဖို့၊ အဂတိကင်းစင်ဖို့ လိုတာပေ့ါ။ ဒါကြောင့် ချီးမွမ်းတဲ့သူ၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တဲ့သူက သမာသမတ်ကျတဲ့သူဖြစ်ဖို့ အင်မတန်အရေးကြီးပါတယ်။

> ❍ **လူမှုနယ်ပယ်ထဲမှာ ကျင်လည်နေကြရတဲ့ သူတိုင်းက ချီးမွမ်းတာ၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တာနဲ့ ကင်းလွတ်သူမရှိပါဘူး။ ဘယ်သူမဆို ချီးမွမ်းတာလည်းခံရမယ်၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တာလည်းခံရမယ်။ ချီးမွမ်းခံရတာကို သဘောကျတယ်။ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့ခံရတာကိုတော့ သဘောမကျဘူး။ ချီးမွမ်းတဲ့စကားကိုပဲ ကြားချင်ကြတယ်။ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တဲ့စကားကိုတော့ မကြားချင်ကြဘူး**

သမာသမတ်ကျတဲ့သူဆိုတာက မျှတဖြောင့်မတ်တဲ့သူပါပဲ။ သမာသမတ်ကျတဲ့သူက အကြောင်းနဲ့ အကျိုး၊ အကောင်းနဲ့ အဆိုးကို သိတယ်။ ရှေ့နောက်မြော်မြင် ဆင်ခြင်တုံတရားရှိတယ်။ ပုဂ္ဂလဓိဋ္ဌာန် အစွဲမသန်ဘူး။ ပုဂ္ဂိုလ်ရေးခံစားချက်မရှိဘူး။ ငါစွဲ၊ အတ္တစွဲမရှိဘူး။ ချီးမွမ်းထိုက်သူကိုပဲ ချီးမွမ်းတယ်။

**ဆိုးကျိုး၊ ဆိုးပြစ်တွေ ဖြစ်စေ**

မချီးမွမ်းထိုက်သူကို မချီးမွမ်းပါဘူး။ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့ထိုက်သူကိုပဲ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တယ်။ အပြစ်မဆို အပြစ်မတင်မကဲ့ရဲ့ထိုက်သူကို အပြစ်မဆို အပြစ်မတင်မကဲ့ရဲ့ပါဘူး။ ဒီတော့ သမာသမတ်မကျတဲ့သူရဲ့ချီးမွမ်းတာ၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တာက အချည်းနှီးပါပဲ။ သမာသမတ်မကျတဲ့သူရဲ့ အပြစ်ဆိုအပြစ်တင် ကဲ့ရဲ့တာက အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့ခံရသူကို မထိခိုက်မနစ်မွန်းစေပါဘူး။ သူ့ကိုပဲ ပြန်လည်ထိခိုက်နစ်မွန်းစေတာပါပဲ။ သမာသမတ်မကျတဲ့သူရဲ့ ချီးမွမ်းမှုကလည်း ချီးမွမ်းခံရသူကို ကောင်းကျိုးမဖြစ်ပါဘူး။ ဆိုးကျိုး၊ ဆိုးပြစ်တွေကိုပဲ ဖြစ်စေတာပါပဲ။

အများအဖို့ရော ကိုယ့်အဖို့ပါ ကောင်းကျိုးချမ်းသာဖြစ်ပွားအောင် ကြိုးစားအားထုတ်တဲ့သူက ချီးမွမ်းထိုက်တဲ့သူပါ။ ချီးမွမ်းထိုက်တဲ့သူကို ချီးမွမ်းကြရမှာဖြစ်ပါတယ်။ ချီးမွမ်းထိုက်တဲ့သူကိုတွေ့ရင် သမာသမတ်ကျတဲ့သူက ဝမ်းသာတယ်။ ဂုဏ်ယူတယ်။ ဒီတော့ ထုတ်ဖော်ဂုဏ်ပြုချီးမွမ်းတာပေ့ါ။ ထုတ်ဖော်ဂုဏ်ပြုချီးမွမ်းလိုက်တာက အားပေးလိုက်တာပါပဲ။ ထုတ်ဖော်ဂုဏ်ပြုချီးမွမ်းခံရတဲ့သူအဖို့လည်း အားတက်သရောဖြစ်ရတယ်။ ဆက်လက်ကြိုးစားအားထုတ်လိုစိတ်တွေ ပြင်းပြထက်သန်နေတာပေ့ါ။

သမာသမတ်ကျတဲ့သူက ချီးမွမ်းစရာတွေ့ရင် ချီးမွမ်းသလို အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့စရာတွေ့ရင်လည်း လျစ်လျူရှုမနေပါဘူး။ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာပါပဲ။ တမင်သက်သက်တော့ မဟုတ်ပါဘူး။ ချွတ်ယွင်းချွတ်ချော် လွဲမှားနေတာတွေကိုတွေ့မှ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာပါ။ ဒါကလည်း ချွတ်ယွင်းချွတ်ချော်လွဲမှားနေတာတွေကို ဆက်ပြီးတော့ မကျူးလွန်စေချင်လို့ တားမြစ်တာပါပဲ။ အပြစ်ဆိုအပြစ်တင် ကဲ့ရဲ့ခံရသူကလည်း အလွဲအမှားတွေကို ဆက်လက်မကျူးလွန်မိအောင် ရှောင်ရှားလိုက်တော့ အမှားကင်းတာပေ့ါ။

**အများအကျိုးကို ပျက်စီး**

ကိုယ်ကျိုးအတွက် အများအကျိုးကို ပျက်စီးအောင် ဖျက်ဆီးတာမကောင်းပါဘူး။ အဖျက်သမားပါပဲ။ ပျက်စီးအောင် ဖျက်ဆီးတဲ့ အဖျက်သမားကို အပြစ်ဆိုအပြစ်တင်ရမှာပါ။ ကဲ့ရဲ့ရှုတ်ချရမှာပါ။ ဒါပေမယ့် သမာသမတ်မကျတဲ့သူကတော့ အပြစ်မဆိုပါဘူး။ အပြစ်မတင်ပါဘူး။ အပြစ်မဆို အပြစ်မတင် မကဲ့ရဲ့တဲ့အပြင် ချီးမွမ်းပေးနေတော့တာပါပဲ။

သမာသမတ်မကျတဲ့သူကတော့ သူနဲ့အလွမ်းသင့်တဲ့သူဆိုရင် ချီးမွမ်းတယ်။ အလွမ်းသင့်နေတဲ့သူက အဖျက်သမားဖြစ်နေလည်း ချီးမွမ်းတာပါပဲ။ ချီးမွမ်းခံရတဲ့ အဖျက်သမားကလည်း ချီးမွမ်းခံရလေလေ ဆက်ပြီးဖျက်ဆီးလေလေပဲ။ ချီးမွမ်းတဲ့သူကလည်း ပျက်စီးအောင် ဖျက်ဆီးနေလေလေ ချီးမွမ်းလေလေပါပဲ။ အဲဒီလို သမာသမတ်မကျတဲ့သူ ချီးမွမ်းပေးနေတာက ချီးမွမ်းခံနေရတဲ့သူကို ဒုက္ခတွင်းထဲကျအောင် တွန်းပို့ပေးနေတာပါပဲ။ သွေးထိုးလှုံ့ဆော်ပေးနေတာပါပဲ။

**မုဒိတာမပွားနိုင်**

အဲဒီသမာသမတ်မကျတဲ့သူက သူနဲ့အလွမ်းမသင့်သူဆိုရင် ချီးမွမ်းစရာတွေ ဘယ်လောက်များများ မချီးမွမ်းပြန်ဘူး။ မချီးမွမ်းတဲ့အပြင် အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့နေတော့တာပဲ။ ချီးမွမ်းဖို့ကောင်းတာကို မချီးမွမ်းတာက မုဒိတာမပွားနိုင်လို့ပါ။ မုဒိတာမပွားနိုင်တော့ မနာလိုဘူး။ မနာလိုတော့ အပြစ်ဆိုအပြစ်တင်တယ်။ ကဲ့ရဲ့ရှုတ်ချတယ်။ ချီးမွမ်းစရာတွေကို ညှိုးနွမ်းသွားအောင်လို့ပေ့ါ။ ဒါပေမယ့် မညှိုးနွမ်းပါဘူး။

သမာသမတ်ကျတဲ့သူ ချီးမွမ်းတာ၊ အပြစ်ဆို အပြစ်တင်ကဲ့ရဲ့တာက ဘဝအတွက် ကျေးဇူးကြီးမားလှပါတယ်။ သမာသမတ်မကျတဲ့သူ ချီးမွမ်းတာ၊ အပြစ်ဆိုအပြစ်တင် ကဲ့ရဲ့တာကတော့ ဘဝအတွက် ကျေးဇူးမပြုပါဘူး။ ဘဝအတွက် ကျေးဇူးမပြုတဲ့ သမာသမတ်မကျသူက ချီးမွမ်းတာကို မသာယာမိအောင်၊ မယစ်မူးမိအောင် အလေးအနက် သတိမူကြဖို့လိုသလို အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့တာကိုလည်း ခံပြင်းမနေဖို့အလေးအနက် သတိမူကြရပါမယ်။

ချီးမွမ်းရမှာကို မချီးမွမ်းဘဲ မချီးမွမ်းရမှာကို ချီးမွမ်းနေရင် ဆင်းရဲတွင်းနစ်အောင် နှစ်နေတာပါပဲ။ အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့ရမှာကို အပြစ်မဆို အပြစ်မတင် မကဲ့ရဲ့ဘဲ အပြစ်မဆို အပြစ်မတင်ရမှာကို အပြစ်ဆိုအပြစ်တင်ကဲ့ရဲ့နေရင်လည်း ဆင်းရဲတွင်းနစ်အောင် နှစ်နေတာပါပဲ။

ဒီတော့ ဆင်းရဲတွင်းမှ လွတ်ကင်းနိုင်အောင် စဉ်းစားဆင်ခြင်နိုင်ကြဖို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

---

## ကျေးလက်နေပြည်သူများ လယ်ယာထုတ်ကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်များအတွင်း ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၄၃၅ ဒသမ ၈၈၆ သန်း အသုံးပြု၍ ကျေးလက်နေ ပြည်သူများ၏ လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ကျေးလက် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၄၃၅ ဒသမ ၈၈၆ သန်းဖြင့် မြို့နယ် ၁၁ မြို့နယ်ရှိ ကျေးရွာ ၁၆ ရွာ၌ ကျောက်ရောမြေခင်းခြင်းနှင့် မြေနီကျောက်စရစ် ခင်းခြင်း စုစုပေါင်းလမ်းအရှည် ၇ မိုင် ၂ ဒသမ ၂၅၄ ဖာလုံ ဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းများပေါ်တွင် ကျေးလက်ကုန်ထုတ်တံတား ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဇွန်လပထမပတ်က စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်စောက ပြောသည်။



မန္တလေးတိုင်း ဒေသကြီးအတွင်း အဆိုပါကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဖောက်လုပ်ပြီးစီးပါက မြို့နယ် ၁၁ မြို့နယ်ရှိ ကျေးရွာ ၁၆ ရွာမှ အိမ်ခြေ ၂၃၂၁ အိမ်၊ လူဦးရေ ၁၁၅၆၃ ဦးတို့၏ ကျေးလက် လယ်ယာထုတ်ကုန် ဧက ၃၇၄၀ ကျော် အကျိုးပြုမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာသုံးစက်ပစ္စည်းများ သွားလာရေးနှင့် လယ်ယာထွက်ကုန်များ၏ သယ်ယူပို့ဆောင်ရေးများ အဆင်ပြေမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဦးစီးမှူးက ဆက်လက်ပြောသည်။

စိုးမိုးကျော်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- **၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ တောရွှေ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
- **၀၉:၁၀** နဝင်္ဂဥပေါသထသီလခံယူတည်ဆောက်ခြင်း
- **၀၉:၃၀** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၃၀** ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၂:၃၀** 'သေဘေးကိုရှုကြည့်၍' တရားတော်
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** အသိပညာနှင့်အမှန်တရား 'စိတ်သိပ္ပံစိတ်ခံစားမှုလမ်းပြမြေပုံ'
- **၁၆:၅၀** သတိထားပါမျောက်ကျောက်ရောဂါ
- **၁၇:၁၅** ခေတ်အလိုက်ကြေးမုံမြင်
- **၁၇:၄၀** ကရင်တိုင်းရင်းသားတို့၏ရိုးရာလက်မှုအနုပညာ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** '(၃၈)ဖြာမင်္ဂလာ'(ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဝီရစံခေမံ'
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝတက်ဘောအက်ဆေး' (အပိုင်း-၁၄)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၁၅** (၁၈)ကြိမ်မြောက်ဆို၊က၊ရေး၊တီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) 'ငနဲဇာတ်တော်ကြီး'
- **၂၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၈)(ဇာတ်သိမ်းပိုင်း)

**mitv**

- **07:02** Evergreen Classic : Zambudipar (Shwe Yee Win)
- **07:11** Myanmar Childhood Games (Episode-1)
- **07:19** Shop Shop Shop - Bogyoke Market
- **07:32** A Day in the Life of Pa-O Family
- **07:36** Reflected Glory
- **08:01** Innovative Handiworks Based On The Art Of Line Drawing
- **08:21** Ecotourism: Along River Chindwin To Khamti
- **08:38** Interesting Features of Rakhine
- **09:01** News
- **09:26** Global Partnership for Brighter Future: Luxembourg Pavilion at Expo 2020 Dubai
- **09:34** Making a Living as Horticulturist
- **09:48** Equestrian Contest on Pa-O Land

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင့်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲခလိန်းနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း(လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကြက်သားတုံးကြော်

**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
လည်ပတ်ချင်စရာချုပ်ကျေးရွာ(အပိုင်း-၂)

**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
ပေါ်လမြိုင်မြို့ရဲ့အထင်ကရနေရာများ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ(အပိုင်း-၂)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာဝက်ဘာလိုက်ဂူ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဟင်းနုနွယ်နှင့်ကျန်းမာရေး

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ပျားမွေးမြူရေး

**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားများရဲ့တဘူး(ခေါ်)တားမြစ်ချက်

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ထွန်းတောက်လာသောကြယ်တစ်ပွင့်

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင်(အပိုင်း-၅)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၅၅** မြန်မာ့ပထမဆုံးတောဆင်ရိုင်းထိန်းသိမ်းရေးနယ်မြေရှိုင်ရိုးမဆင်ဘေးမဲ့တော
- **၀၇:၄၀** မြန်မာ့ပုလဲရတနာတို့ရဲ့မွေးရပ်မြေပုလဲကျွန်းဆီ
- **၀၇:၅၅** မြရောင်အဆင်းကြက်သွန်ခင်း
- **၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- **၀၉:၄၀** ချောင်းမကြီးဝါမျိုးသန့်ဒြိသည်ဝါစိုက်တောင်သူများ၏အကျိုးကိုဦးတည်

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရှားငံမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း ထည့်သွင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**ရှားငံ ဇူလိုင် ၂၆**

ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားငံမြို့နယ်ရှိ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ- ၆၆/၆) များအား Software Program ဖြင့် ထည့်သွင်းနေမှုကို မြို့နယ် လဝက ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရေးနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) များ တိကျမှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အတွင်းရှိ အိမ်ထောင်စု လူဦးရေစာရင်းများကို e-ID စနစ်ဖြင့် Software အသုံးပြုကာ Database အတွင်း ထည့်သွင်းသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး(ယာပုံ) လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၈ ရက်မှ စတင်၍ ရက်ပေါင်း ၅၀ အတွင်း အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း ၁၉၇၉၅ ဦးကို ပြီးစီးအောင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုးထွေး (ပြန်/ဆက်)**

# ဂွမြို့နယ်၌ ကုန်ထုတ်လမ်းပေါ်ရှိ ပြွန်တံတား ၁၀ စင်း တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး



**ဂွ ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် ဂွမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော ကံ့ကော်တထောင်ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ ပြွန်တံတား ၁၀ စင်း တည်ဆောက်နေမှုကို ဇူလိုင် ၂၅ ရက်က ဂွမြို့နယ် ကျေးလက်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က မြေပြင်ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ လုပ်ငန်းအား ပြည်ထောင်စု ရန်ပုံငွေ ကျပ်သန်း ၈၀ ဒသမ ၉၄၃ ဖြင့် ၎င်းကျေးရွာ၏ ကျေးလက်နေပြည်သူများ ကုန်ထုတ်လုပ်မှု အဆင်ပြေချောမွေ့စေရန် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆- ၇ - ၂၀၂၂

**ရွှေ**

၂၆-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၄၅ ကျပ် | ၂၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၀၅ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၆၀ ကျပ် | ၁၇၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၁၀ ကျပ် | ၁၇၆၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၈၅ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၄၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၄ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၁၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၉၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၂၀၀ | ၁၀၃၀ | ၇၄၃၆၀၀၀ |
| MTSH | ၂၅၅၀ | ၂၅၀၀ | ၇၄၁၆ | ၁၈၇၇၆၅၅၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၃၈ | ၂၆၂၂၀၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၁၅၀ | ၂၆၂၅၀၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၇၅၀ | ၁၈၀၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃၀၀ | ၁၅၀၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဖွံ့ဖြိုးဝေစည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆီ

ဒေါက်တာ တင်မာမာဦး

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၏ တစ်ခုတည်းသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသလည်း ဖြစ်ပါသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်နှင့် ထန်ပါခွေ၊ ဆွမ္မရာ၊ ပန်ဆောင်၊ ဒုံဟီးမြို့များပါဝင်ပြီး ကျေးရွာအုပ်စု ၁၁၆ အုပ်စု ကျေးရွာပေါင်း ၂၆၆ ရွာတို့ဖြင့် လူဦးရေ ၁၃၇၈၆၁ ဦး နေထိုင်လျက်ရှိသည်။**

နာဂဒေသသည် တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများကာ မြေပြန့်ဒေသ နည်းပါးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာ ဒေသခံများ အနေဖြင့်လည်း တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ကြသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသများအနက် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးခဲ့သော ဒေသဖြစ်ခဲ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသတွင် နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေးဟူသော မူဝါဒ (၄) ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံနှင့်အဝန်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းနှင့် ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးများကိုလည်း တစ်နိုင်ငံလုံးအကြား အလပ်မရှိ စနစ်တကျအစီအမံများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ **"အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်ပြည်မ အကြားအလပ်မရှိစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်"** ရည်မှန်းချက်ကိုလည်း ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆောက်အအုံများအဆင့်မြှင့်တင်ပေးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဒေသဖွံ့ဖြိုးမှုနည်းပါးသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းသစ်များ ဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ပေးခြင်းနှင့် တည်ဆောက်ပြီး လမ်း၊ တံတားများကို အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိသည်။

အထက်ချင်းတွင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ချင်းတွင်းမြစ်ကူး တံတားကြီးများဖြစ်သော ချင်းတွင်းတံတား (ကလေးဝ)၊ ချင်းတွင်းတံတား( ဟုမ္မလင်း) နှင့် ချင်းတွင်းတံတား (ခန္တီး) တို့ကို အချိန်တိုအတွင်းပြီးစီးအောင် တည်ဆောက်ပေးခဲ့ပြီး ယခုလက်ရှိတွင်လည်း ချင်းတွင်းတံတား ( ထမံသီ) ကို တည်ဆောက်ပေးလျက်ရှိရာ အဆိုပါ တံတားပြီးစီးသွားပါက ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့များနှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ လေရှီး၊ ဆွမ္မရာဒေသမှ ဒေသခံပြည်သူများ ခရီးသွားလာမှု မြန်ဆန်ကောင်းမွန်ပြီး မိမိသွားလိုသည့် ဒေသများသို့ အချိန်တိုအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လွယ်လင့်တကူ သွားလာနိုင်တော့မည်ဖြစ်သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဝင်ပေါက်ဖြစ်သည့် ခန္တီးမြို့နယ် ခန္တီး- ဆင်သေ - လဟယ်



**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကို အရှိန်မြှင့်ဆောင်ရွက်ပေးမှုကြောင့် သွားလာဆက်သွယ်ရေးလွယ်ကူသွားသည့်အတွက် နာဂသွေးချင်းများ၏ အဓိက အလုပ်အကိုင်အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်တော့မည်ဖြစ်သကဲ့သို့ ထွက်ရှိလာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များကိုလည်း လေရှီး-လဟယ်- ခန္တီးလမ်းမှတစ်ဆင့် မြေပြန့်ဒေသများသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် စီးပွားရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတော့သည်**

လမ်းပေါ်ရှိ တံတားအရှည် ၃၃၀ ဒသမ ၄၅ ပေ၊ တံတားအကျယ် ၃၀ ဒသမ ၅ ပေ၊ တံတားကင်းလွတ်အမြင့် ၃ ပေ၊ တံတားခံနိုင်ဝန် တန် ၆၀ ရှိသည့် နန့်စလိမ်ချောင်းတံတားကိုလည်း ၂၀၂၂ ခုနှစ် ဇူလိုင် ၂ ရက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၉၄-၁၉၉၅ ခုနှစ် ဘဏ္ဍာနှစ်မှ စတင်၍ ဒေသအကျယ်အဝန်း ၅၁၆၈ ဒသမ ၁၉၉ စတုရန်းမိုင်အတွင်း ဖြန့်ကြက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှ စတင်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၆၈၃ ဒသမ ၃၀၁ သန်းနှင့် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၇၈၇၄ ဒသမ ၈၇ သန်း စုစုပေါင်းကျပ် ၁၃၅၅၈ ဒသမ ၁၇၁ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အိန္ဒိယသမ္မတနိုင်ငံ အကူအညီဖြင့်လည်း လမ်းတံတားဖောက်လုပ်တည်ဆောက်ခြင်း၊ စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခြင်းစသည့် လုပ်ငန်းပေါင်း ၈၉ ခု အတွက် ထောက်ပံ့ငွေကျပ် ၁၄၅၆၆ ဒသမ ၇၄၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

**အကောင်အထည်ဖော်**

လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်များတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဘဏ္ဍာနှစ်အလိုက် လမ်း/တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်းများကို အဓိကထား၍ တည်ဆောက်ပေးလျက်ရှိရာ လောင်ငေါက် - ထန်ပါခွေလမ်း၊ ထန်ပါခွေ - တာမောင် - မခွါလယ်လမ်း၊ ဟွေကွန် - စစ်ဖောင် - ကျွန်းခေါင်လမ်း ၊ ဆင်သေ - လဟယ် (၄၉)မိုင် လမ်းခွဲမှ ဆွပ္ပလော်ရှောင် - ကုန်းလမ်း- ထုံစံ - ကျွန်းခေါင်လမ်း၊ ကုန်းလမ်း - ဟွေကွန်လမ်း၊ ဆင်သေ - လဟယ် - (၁၈) မိုင်လမ်းခွဲမှ ကုန်းခေါင်-ပါဆောင် - ပါရိုး - ထန်ပါခွေလမ်း - တိုက်ရုံ - မော်ဖွန် - မွန်တုံးညို - ယမ်းကြုံးလမ်း၊ တိုက်ရုံ - ခမ္မလား - ထန်ခေါ်နောက်ကုန်း - ဟန်ဆင်လမ်း ၊ လဟယ် - ခါးလယ် - နန့်ဖုတ်ချောင်း - မကော်ရိန်လမ်း၊ လဟယ် - တိုက်ရုံ - ပုံညို - ဝေလံလမ်း၊ လန်ထိန်လမ်းခွဲ - တွေးထွေနောက်ကျော - လောင်ဂီ - ယမ်းကြုံး- ဂမ်းညရွာဟောင်း- လုံဝသိခ်လမ်း၊ လဟယ် - ဟွေထိုက် - ပုံညိုနောက်အင်းလမ်း၊ လဟယ် - ဒုံဟီးလမ်းနှင့် လဟယ် - လေရှီးမြို့နယ် ချင်းဆက်လမ်းပေါ်ရှိ ပါတွန် - စိန်ကြာညု - စိန်လာ-ဆားလင်လမ်းများ၊ နန်းယွန်း - ပန်ဆောင်လမ်း၊ ပန်ဆောင်မြို့- နောင်ယန်းအင်းပတ်လမ်းများကို ဖောက်လုပ်ပေးခြင်း၊ ပန်ဆောင်မြို့၏ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကွန်ကရစ် တံတားများ၊ ဘေလီတံတားများကို ဆောက်လုပ်ပေးခြင်း၊ စိုက်ပျိုးရေသွယ်တန်းခြင်း၊ ဒေသခံများ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ တိုးတက်စေရေးအတွက် စာသင်ကျောင်းများ၊ ဝန်ထမ်းနေအိမ်များနှင့် ကျန်းမာရေးဆေးပေးခန်းများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

နာဂလူမျိုးများ အထွတ်အမြတ်ထား ကျင်းပသည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ ကိုယ်တိုင်တက်ရောက်အားပေးချီးမြှင့်ခဲ့ကြပြီး နာဂဒေသကို ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငွေကျပ် ၁၃၂၃ ဒသမ ၀၂၇ သန်းတန်ဖိုးရှိ ဆန်အိတ်၊ သွပ်၊ ဆိုလာမီး၊ စောင်နှင့် ကျောင်းသုံး ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နေ့ နန်းယွန်းမြို့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးခဲ့သည့် ခရီးစဉ်တွင် ဒေသခံများအတွက် အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်အိတ် ၅၀၀ နှင့် တစ်အိမ်သုံးဆိုလာ အစုံ ၂၀၀ ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သည့် ဆန်အိတ် ၈၅၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၏ ၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက် နာဂဒေသ ဖွံ့ဖြိုးရေးခရီးစဉ်တွင်လည်း ဆန်အိတ် ၁၀၀၊ တစ်အိမ်သုံးဆိုလာ အစုံ ၁၀၀၊ ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၀၀ နှင့် ကျောင်းဝတ်စုံ ၃၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**လယ်ယာကဏ္ဍတိုးတက်**

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသခံတောင်သူလယ်သမားများအတွက် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်အတွင်း လဟယ်မြို့နယ်တွင် အဆင့်မြင့်လယ်ယာမြေဧက ၃၀ နှင့် လှေခါးထစ်လယ်ယာမြေ ၁၅ ဧက ကို ဖော်ထုတ်ပေးခဲ့သည့်အပြင် ယခုနှစ်တွင် လဟယ်မြို့ မျက်နှာစာအရှေ့ဘက်ခြမ်းရှိ တောင်ကုန်းများတွင် တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရန် ၁၀ ဧကကို တိုးချဲ့ဖော်ဆောင်ပြီးဖြစ်၍ လဟယ်မြို့နယ် တိုက်ရုံကျေးရွာတွင် ကုန်းမြင့် လယ်ယာ ၃၀၀ ဧက ထပ်မံဖော်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း မျိုးစေ့များ၊ ပျိုးပင်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒေသ၏ လယ်ယာကဏ္ဍသည်လည်း တိုးတက်လာပေဦးမည်ဖြစ်သည်။

ဒေသခံများအား မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်နိုင်ရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နွားနောက် ၅၀၁၇ ကောင်၊ ကျွဲ ၇၁၁၂ ကောင်၊ နွား ၉၆၉၂ ကောင်၊ ဆိတ် ၄၉၄၄ ကောင်၊ ဝက် ၅၁၅၉၇ ကောင်၊ ကြက် ၂၅၅၀၇၀ နှင့် ဘဲကောင်ရေ ၃၂၆၄၀ ကို မွေးမြူနိုင်ရေး ဆောင်ရွက်ထားသကဲ့သို့ မွေးမြူထားသည့် တိရစ္ဆာန်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် တိရစ္ဆာန်အစာအဖြစ် နေပီယာမြက်များ စမ်းသပ်စိုက်ပျိုးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်လာ**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကို အရှိန်မြှင့်ဆောင်ရွက်ပေးမှုကြောင့် သွားလာဆက်သွယ်ရေး လွယ်ကူသွားသည့်အတွက် နာဂသွေးချင်းများ၏ အဓိက အလုပ်အကိုင်အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တော့မည်ဖြစ်သကဲ့သို့ ထွက်ရှိလာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကိုလည်း လေရှီး-လဟယ်- ခန္တီးလမ်းမှတစ်ဆင့် မြေပြန့်ဒေသများသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် စီးပွားရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတော့သည်။

နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ရာသီမရွေး၊ အချိန်အခါ မရွေး သွားလာရေးလွယ်ကူကာ ဒေသကုန်စည်စီးဆင်းမှုများ မြန်ဆန်ပြီး မြေပြန့်ဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ရွှေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆီထွက်သီးနှံမိုးနေကြာမျိုးစေ့ထုတ် စိုက်ပျိုးနေမှု ကြည့်ရှု

**ရွှေဝတီ ဇူလိုင် ၂၆**

ရွှေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ကြံခင်းမြို့နယ် ဇီးပင်ကွင်းအုပ်စု အုပ်ပုံစုပေါင်းစစ်ဆေးရေးဂိတ်သို့ ရောက်ရှိလာရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချင်းမြောင်အုပ်စု ကြိုးကြာတန်းလမ်းမှ သောကြာဒူးအုပ်စု ကရင်စုကျေးရွာတွင် ၂၀၂၂-၂၀၂၃ ခုနှစ် ကြံခင်းမြို့နယ်အတွင်း ဆီထွက်သီးနှံမိုးနေကြာမျိုးစေ့ထုတ် စိုက်ပျိုးဧက ၁၀၀၀ စိုက်ပျိုးရာတွင် ပထမဆုံး စတင်စိုက်ပျိုးသော ကွင်းအမှတ်(၄) ဦးပိုင်အမှတ် (၁၁၃/၂) တောင်သူဦးကြည်ညွန့်၏ တစ်ဧကတွင် မိုးနေကြာ စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုပြီး တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မေးမြန်းပြီး ပေါင်းစပ်ညွှန်ကြားပေးသည်။

ဆက်လက်ပြီး သောကြာဒူးကျေးရွာအုပ်စု သောကြာဒူးကျေးရွာရှိ ကွင်းအမှတ်(၁) ဦးပိုင်အမှတ် (မ/၂၂) တောင်သူဦးသန်းဇော်ဝင်း၏ တစ်ဧကတွင် ဆီထွက်သီးနှံ မိုးနေကြာစိုက်ပျိုးထားမှု အပင်ရှင်သန်အထွက်နှုန်းကောင်းမွန်ရေးကို ကြည့်ရှုမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မြို့နယ်
(ပြန်/ဆက်)



## ဟိုပန်မြို့နယ်၌ အရည်အသွေးကောင်း စပါးမျိုးသုံးမျိုးလက်တွေ့စမ်းသပ်စိုက်ပျိုး

**ဟိုပန် ဇူလိုင် ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအနေဖြင့် အထွက်ကောင်း စပါးမျိုးများ၏အရည်အသွေးကိုသိရှိ၍ ယင်းစပါးမျိုးများဖြင့် မျိုးပြောင်းလဲစိုက်ပျိုးလာတတ်စေရန်နှင့် စပါးအထွက်နှုန်း တိုးလာခြင်းဖြင့် ဝင်ငွေပိုမိုရရှိလာစေရန် တို့ကို ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မိုးစပါးလယ် အရည်အသွေးကောင်းစပါးမျိုး သုံးမျိုးကို မျိုးသန့်ပညာပေးစံပြကွက်၌ လက်တွေ့ကွင်းဆင်း စိုက်ပျိုးပြသသည်။



ကွင်းဆင်းစိုက်ပျိုးရာတွင် ပြည်နယ်ဦးစီးမှူး၏ ညွှန်ကြားမှု အစီအစဉ်နှင့် ခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချိုလေးနှင့် ဝန်ထမ်းများက အရည်အသွေးကောင်း မိုးလယ်စပါးမျိုးများဖြစ်သည့် ဘာစမာတီစပါးမျိုး၊ ခေါက်နမ် ခမ်းစပါးမျိုးနှင့် ၈၈၁ မွှေးစပါးမျိုး စသည့်စပါးမျိုးသုံးမျိုးကို နောင်မို ကျေးရွာရှိ တောင်သူ ဦးဆန်အိုက် လယ်မြေတစ်ဧကခွဲ၌ အရည်အသွေးကောင်း စပါးမျိုး သုံးမျိုး မျိုးသန့်ပညာပေးစံပြကွက်၌ လက်တွေ့စိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အရည်အသွေးကောင်းစပါးမျိုးသုံးမျိုးကို ဇွန် ၂၅ ရက်က ပျိုးထောင်ပြီး ပျိုးသက် ၂၈ ရက်သား ယနေ့တွင် မျိုးသန့်စိုက်ပျိုးပြသခဲ့ရာ မြို့နယ်အတွင်းရှိ ကျေးရွာနေ စပါးစိုက်တောင်သူ ၁၅ ဦးခန့် ကြည့်ရှုလေ့လာခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## မအီမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသနေပြည်သူများ မျှစ်ချိုးရောင်းချခြင်းဖြင့် မိသားစုအဆင်ပြေလျက်ရှိ

**မအီ ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် မအီမြို့နယ် မအီချောင်းဖျားရှိ တောင်ပေါ်ဒေသနေပြည်သူများမှာ မိုးတွင်းကာလတွင် သဘာဝအလျောက် ရာသီအလိုက်ပေါက်ရောက်သည့် မျှစ်များကို ချိုးယူရောင်းချခြင်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် စားဝတ်နေရေးအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။



ထိုသို့ မျှစ်များကို ကိုယ်တိုင်ချိုးယူရောင်းချသူ မအီချောင်းဖျားရှိ ခြေတော်ရာကျေးရွာမှ ကိုမောင်ထော်ကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် “မျှစ်ချိုးရာမှာ နှစ်မျိုးရှိတယ်လို့ ပြောချင်ပါတယ်။ တစ်နေ့စာ ရောင်းဖို့အတွက် တစ်ပိုင်တစ်နိုင်ချိုးတာနဲ့ ရသလောက်ချိုးယူတာဆိုပြီး နှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့က တစ်နိုင်တစ်ပိုင် ချိုးယူရောင်းချခြင်း ဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင်ဆိုရာမှာ မျှစ်အစိမ်းတွေကို ရက်ရှည်ကြာစွာ ထားရှိမရနိုင်တာကြောင့် မိမိဒေသရဲ့ ဝယ်လိုအားအပေါ် မူတည်ပြီး တစ်နေ့စာ ရောင်းချဖို့ ချိုးယူတာ ဖြစ်ပါတယ်။ ရသလောက် ချိုးယူခြင်းမှာ မိုးကုန်တဲ့အခါ ရောင်းချဖို့ မိုးတွင်းကာလတစ်လျှောက် မျှစ်ချဉ်လုပ်ပြီး သိုလှောင်ထားဖို့အတွက် ချိုးယူကြတာ ဖြစ်ပါတယ်” ဟု ပြောသည်။

တစ်နေ့စာ ရောင်းချရန် ချိုးယူရာ၌ တစ်ဦးလျှင် မျှစ်အချောင်းရေ ငါးရာ/ ခုနစ်ရာခန့်သာ ချိုးယူကြကြောင်း၊ ရသလောက် ချိုးယူရာတွင် တစ်ရက်လျှင် တစ်ဦးကို မျှစ်အချောင်းရေ ၁၀၀၀ ကျော်ခန့် ချိုးယူရရှိနိုင်ကြောင်း၊ ခြေတော်ရာရွာတွင် ဝယ်လျှင် မျှစ်အချောင်း ၁၀၀ ကို ငွေကျပ် ၂၀၀၀ နှင့် ရောင်းချကြောင်း၊ ခြေတော်ရာရွာနှင့် တောင်ပေါ်လမ်းခရီး ၁၆ မိုင်ကွာဝေးသည့် မအီမြို့ဈေးတွင် ရောင်းချလျှင် မျှစ်အချောင်း ၁၀၀ ကို လက်ကားဈေးငွေကျပ် ၄၀၀၀ နှင့် လက်လီဈေးအနေဖြင့် ငွေကျပ် ၅၀၀ ဖိုးကို ၁၀ ချောင်း ရောင်းချရကြောင်း ၎င်းက ဆက်ပြောသည်။

မျှစ်များကို မအီမြို့နယ်အတွင်းရှိ သဒ္ဒန်ကျေးရွာအုပ်စုမှ ကျေးရွာများနှင့် လက်ပံကျေးရွာအုပ်စုအတွင်းရှိ ခြေတော်ရာ၊ အညင်းတောင်၊ ဝက်ရနှင့် ဆံထုံးကျေးရွာများမှ ရခိုင်တိုင်းရင်းသား၊ ချင်းတိုင်းရင်းသားအများစုက မိုးတွင်းကာလ၌ မိသားစုစားဝတ်နေရေး အဆင်ပြေစေရေးအတွက် တစ်ပိုင်တစ်နိုင် ချိုးယူရောင်းချကြောင်း သိရသည်။

မောင်မောင်ဋ္ဌေး
(ပြန်/ဆက်)

## တိန်းကယား(ဗမာ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားများ တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**တမူး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တိန်းကယား(ဗမာ)ကျေးရွာ၌ စိုက်ပျိုးမြေဧက ၃၀၀ ကျော်အကျိုးပြုမည့် တိန်းကယား (ဗမာ)ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ယခုနှစ် မေလ တတိယအပတ်မှ စတင်ဖောက်လုပ်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသရှိ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းများ၊ ကုန်ထုတ်တံတားများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်တွင် တိန်းကယား (ဗမာ) ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ ကျေးလက်ကုန်ထုတ်တံတား ခြောက်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၄ ဒသမ ၃၈ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ မေလတတိယအပတ်မှစတင်ကာ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ ယနေ့တွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူခိုင်က ပြောသည်။

အဆိုပါ တိန်းကယား (ဗမာ)ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ ကုန်ထုတ်တံတားများ တည်ဆောက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၈၀၊ လူဦးရေ ၄၀၃ ဦးတို့၏ စိုက်ပျိုးမြေဧက ၃၀၀ ကျော် အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ စိုက်ပျိုးမြေများမှ ရာသီအလိုက်စိုက်ပျိုးသော ကောက်ပဲသီးနှံများ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

သန်းလွင်(မကွေး)

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**ကံမ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် မိုးရာသီကာလ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် ငွေကျပ်သိန်းပေါင်း သုံးသောင်းကို ထုတ်ချေးပေးရန်လျာထားပြီး မိုးစပါး စိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်း ငါးသောင်းကျပ်နှုန်း၊ မြေပဲ၊နှမ်း အစရှိသည့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ယနေ့အထိ ကျေးရွာအုပ်စု ၂၆ အုပ်စုမှ တောင်သူ ၂၈၉၁ဦး၏ မိုးစပါးစိုက်ဧက ၈၀၃၄ ဧကနှင့် အခြားသီးနှံ ၇၄၆ဧက တို့အတွက် ငွေကျပ် ၁၂၇၉၇ သိန်းကို ထုတ်ချေးပေးပြီးဖြစ်ပြီး ဆက်လက်၍ ကျန်ရှိနေသော ကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

(၁၁) ကြိမ်မြောက်

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

The 11th Traditional Medicine Research Congress

၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၂၇-၂၈ ရက်နေ့

## ဘားအံမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**ဘားအံ ဇူလိုင် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီးလူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၄) အခြေခံပညာအထက်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးအေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခက်ခက်လွင်က လူငယ်နှင့်ရည်မှန်းချက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်သြသျှာဖောက လူငယ်နှင့် အားကစားဆိုင်ရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူပြီး ဂျူဒိုအားကစားနည်းကို သရုပ်ပြသ ကစားခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နမ္မတူမြို့နယ်အတွင်း ကျေးလက်ကုန်ထုတ်လမ်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နမ္မတူ ဇူလိုင် ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်အတွင်း ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်လျက်ရှိသော မန်မိုင်ကျေးရွာ၊ မိုင်းတက်ကျေးရွာနှင့်ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ဆန်ခါကျေးရွာတို့ကို ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ခရိုင်ဦးစီးမှူး ဦးထွန်းချစ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးခဲ့ရာ မန်မိုင်ကျေးရွာကုန်ထုတ်လမ်း အရှည်တစ်မိုင် မြေသားတာပေါင်တင်ဖြုန်းကျောက်ခင်း၊ ရေထုတ်ပြွန်သုံးစင်း၊ Slab Culvert တစ်စင်းတည်ဆောက်ခြင်း၊ မိုင်းတက်ကျေးရွာကုန်ထုတ်လမ်း အရှည် ၁/ ၀ ဒသမ ၄ မိုင် မြေသားတာပေါင်တင်ဖြုန်းကျောက်ခင်း၊ ရေထုတ်ပြွန်နှစ်စင်း တည်ဆောက်ခြင်းနှင့် ဆန်ခါကျေးရွာရေပေးရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက ဆောင်ရွက်နေမှုကို ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြရာ လုပ်ငန်းဆောင်ရွက်ရမည့် အချက်အလက်များအပြင် လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီများ၊ ကျေးရွာ ရေရရှိရေးကော်မတီများနှင့်အတူ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ တောင်သူများ၏ လယ်ယာမြေဧက ၆၀၀ ခန့်မှ သီးနှံများကို အလေအလွင့်နည်းပါးစွာ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည့်အပြင် ဆန်ခါကျေးရွာရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးပါက လူဦးရေ ၃၅၀ ခန့်နှင့် ကျွဲ၊ နွားတိရစ္ဆာန်များကို သောက်သုံးရေ လွယ်ကူစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းထံမှ သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

## ဆောင့်ညောင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ ရေရရှိရေးအတွက် အုတ်ရေကန်များ တည်ဆောက်ပေးလျက်ရှိ

**မင်းလှ ဇူလိုင် ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဆောင့်ညောင်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိစေရေးအတွက် လက်တူးတွင်း တူးဖော်ခြင်း၊ ရေစက်ရုံ၊ အုတ်ရေ ကန်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင့်ညောင်ကျေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိများက ဆောင့်ညောင်ကျေးရွာ၌ လက်တူးတွင်း တူးဖော်ခြင်း၊ ရေစက်ရုံ၊ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းတို့ကို ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူ ဆောင်ရွက်နေသည့် အင်ဂျင်နီယာများက ရှင်းလင်းတင်ပြမှုအပေါ် နည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။



ဆောင့်ညောင်ကျေးရွာ ရေရရှိရေးအတွက် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၂၃ ဒသမ ၂၆၅ သန်းဖြင့် အနက်ပေ ၃၀ ရှိ ခြောက်ပေ လက်တူးတွင်း တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ပေ ၅၁၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဆိုပါက ဆောင့်ညောင်ကျေးရွာရှိ အိမ်ခြေ ၁၂၂ အိမ်၊ လူဦးရေ ၄၂၀ တို့အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည် ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**မယ်သင်း**

## မိုင်းယန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်း

**မိုင်းယန်း ဇူလိုင် ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် တစ်ဖက်တစ်လမ်းက မိသားစု ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန် သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသက်လင်းထွန်းက သင်တန်းထူးချွန်သူသုံးဦးကို အမှတ်တရလက်ဆောင်များနှင့် သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီး သင်တန်းမှရရှိလာသည့် အသိပညာ၊ အတတ်ပညာများကိုလည်း သင်တန်းသားများက အကျိုးရှိရှိအသုံးချရန် မှာကြားခဲ့သည်။

အဆိုပါသင်တန်းကို မိုင်းယန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် လက်သမား၊ ပန်းရန်ကျွမ်းကျင်ဆရာနှစ်ဦးက ဇူလိုင် ၁ ရက် မှ ၂၅ ရက်အထိ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ စက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် နိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

Lot No.1

(က) Deli R740 Server with Server Operating System and Rack–1 pc

(ခ) Online UPS for Server–1pc

(ဂ) Desktop Computer Corei7, 10th Generation RAM 8 Gbs, Harddisk 1 TB–1pc

Lot No.2

(က) Desktop Computer Corei7, 10th Generation RAM 8 Gbs, Harddisk 1 TB–4 pcs

(ခ) Laptop Computer Corei7,11th Generation RAM 8 Gbs(up tp 16Gbs, –3pcs Harddisk 256Gbs)

(ဂ) Video Conferencing Unit(Group)–1 Unit

(ဃ) Video Camera with tripod–1pcs

(င) External Harddisk 1 TB–6pcs

(စ) LED video Lighting Kit–2 pcs

(ဆ) Scanner–1pc

(ဇ) Stereo Headset–4pcs

(ဈ) Tablet with stylus pen–10 Nos

(ည) Touch Pad– 20 Nos

(ဋ) Stylus Pen–20 Nos

(ဌ) Online UPS(1) Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံနှင့် စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက်** - ၂၈-၇-၂၀၂၂ရက်

၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၉-၈-၂၀၂၂ရက် ညနေ ၄နာရီ

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

၆။ ဆက်သွယ်ရန် ဖုန်း - ၀၁-၆၅၄၆၉၂

၇။ တင်ဒါဖွင့်လှစ်မည့် အချိန် - အသိပေးအကြောင်းကြားပါမည်။

**တင်ဒါကော်မတီ**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကော့သောင်းမြို့နယ်၊ ဟတ်စဒင်းခြံတွင် ၂၀၂၂ ခုနှစ်မှ ဧပြီလ မှ ၂၀၂၃ မတ်လ အထိ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ(ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) ကော့သောင်းမြို့နယ်၊ ဟတ်စဒင်းခြံတွင်(၅၀'x၂၀'x၁၅')RC(၁)ထပ် ဆီအုန်းမျိုးစေ့ ထုတ်ခန်းနှင့် အစို့ဖောက်ခန်း ဆောက်လုပ်ခြင်း၊(ရေမီး အပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါ ပုံစံများအား ၂၇-၇-၂၀၂၂ရက် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၂၆-၈-၂၀၂၂ရက် ၁၆:၀၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါ စည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၁၁၃၈၊ ၀၅၉-၂၀၂၂၆၂၈ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရန် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**စိုက်ပျိုးရေးဦးစီးဌာန**

**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအဲ ၅/ယမပ(နိုင်)၁၃၇၀၅၉ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၆၀၇၉၈၅၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနွယ်နွယ်အေး ၅/ယမပ (နိုင်)၁၃၂၀၆၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၆၀၇၉၈၅၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးမိုး ၈/အလန(နိုင်) ၁၇၁၂၁၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းထွန်းဝင်း ၈/အလန(နိုင်)၁၄၉၈၆၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေအောင် ၈/ငဖန (နိုင်)၀၄၉၂၂၂၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းကျော် ၈/အလန (နိုင်)၀၁၃၄၄၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း ၅လမ်း၊ အမှတ် ၁၈၆နေ ဦးဝေမိုချန်း(ဘ)ဦးလီချင့်(ခ)ဦးကြည်ချန်း ၁/မကန (နိုင်)၁၀၀၄၆၆ ကိုင်ဆောင်သူသည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၎င်း၏ မူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်စာချုပ် အမှတ် ၄/၅၁၂၃/၂၀၂၂ဖြင့် ၁-၇-၂၀၂၂ရက်တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အောက်ပါကုန်အမှတ်တံဆိပ်၏ မူပိုင်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားNew Beads ဟူသော အမည်အမှတ်အသားဖြင့် ရနံ့အမျိုးမျိုး အရောင်အမျိုးမျိုးဖြင့် ထုတ်လုပ်ထားသည့် Laundry Detergent အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ဖြန့်ဖြူး၊ ရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။ မိမိ၏ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်းပတ်သက်သည့် ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အရွယ်အစား အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံး ပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိ၏ မူပိုင်အဖြစ် အသုံးပြုလျက်ရှိရာ ကုန်အမှတ်တံဆိပ် အမည်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ထင်ရောင်ထင်မှား ဆင်တူယိုးမှား တုပပြုလုပ်၍ မိမိမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မှ တရားမဝင် တုပသုံး စွဲခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပ ပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ် အမည်အမှတ်အသားနှင့် ပတ်သက်၍ (အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်**
**ဒေါ်စိမ့်ဇာဦး(စဉ်- ၃၄၇၈၂)အထက်တန်းရှေ့နေ**
**အမှတ် ၁၁၂၈၊ သရဖီ ၇လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၅၄၀၁၀၄၈၊ ၀၉-၉၆၅၄၀၁၀၄၈**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/93160, Honda CLICK 150 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံဝင်း ၉/မထလ(နိုင်)၂၄၂၁၂၉ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/59987, Honda C120 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်း ၉/မထလ(နိုင်)၂၄၁၄၈၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/7163, HYUNDAI STAREX ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လွင် ၁၂/စခန(နိုင်)၀၄၇၄၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/19090, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၉/မထလ(နိုင်)၀၆၅၈၆၇ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## မိဘအမည်မှန်

ထားဝယ်မြို့၊ ဝဲကျွန်းမြို့သစ်ရပ်နေ အမက(ကျွန်းမွေး)ဒုတိယတန်းမှ မကေဖူးဖူးချို၏ မိဘ ဦးလှကြည်-ဒေါ်မိုးသူဇာတို့၏ အမည်မှန်မှာ ဦးဟိန်းမင်းဌေး ၁၄/မအန(နိုင်)၂၀၉၀၄၉ နှင့် ဒေါ်ချိုဇာလွင် ၆/ထဝန(နိုင်)၁၁၀၈၀၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အမှတ်(၈)အထက သတ္တမတန်းမှ မောင်ဖူယုံကွမ်းနှင့် တတိယတန်းမှ မလဝန်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုခိုက်ခင် ဆိုသည်မှာ မှားယွင်းနေပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးဖူခိုင်ဟင် ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ယင်းမာပင်မြို့နယ်၊ စုန်းချောင်းကျေးရွာနေ ဦးထွန်းစီ၏သမီး မသက်သက်မာ ၅/ယမပ(နိုင်)၀၉၃၄၀၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၅-၁၉၉၆ ဖြစ်ပါကြောင်း။

## အမည်မှန်

ထားဝယ်မြို့နယ်၊ သပြေချောင်းရွာ၊ ပုလုကုန်းရပ်နေ ဦးကျုံးမင်း-ဒေါ်ဟင်ရှိန်တို့၏သမီး အထက(၇)ထားဝယ် ဒသမတန်း (သင်ရိုးဟောင်း)မှ မအေးပွင့်ဖြူ၏ အမည်မှန်မှာ မအိမ့်ပွင့်ဖြူ ဖြစ်ပါကြောင်း။ **မအိမ့်ပွင့်ဖြူ**

## ဖခင်အမည်မှန်

ကလေးမြို့၊ အထက(ခွဲ) အလက(၁) တတိယတန်းမှ မလားရင့်ချန်းအီး၊ ဆဋ္ဌမတန်း(သစ်)မှ မစီးမားဆော်တလွားငီး၊ ဆဋ္ဌမတန်း(ဟ)မှ မောင်စီဗန်လားရွတ်သာ၊ KGတန်းမှ မောင်လာဒုအောမ်မာတို့၏ ဖခင်အမည်မှန်မှာ ဦးထန်ကျုံးနုံး ၅/ကလထ(နိုင်)၁၂၉၂၉၆ ဖြစ်ပါ ကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/9824, Suzuki Carry DA 63T ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်အောင် ၁၃/ရစန(နိုင်)၀၄၇၈၅၆ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက် ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/4596, Multi Purpose Vehicle , Micro Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်ခန့် ၅/မရန (နိုင်)၂၃၉၁၉၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်အတွင်း အောက်ဖော်ပြပါ အမည်မှာ မြေငှားဂရန်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ထန်းတပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက မြေငှားဂရန်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

ဦးအောင်မင်းဇံ၊ အောင်သုခရပ်ကွက်၊ မြေကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ဒသမ၀၇၀)

ဦးလှရွှေ၊ အောင်သုခရပ်ကွက်၊ မြေကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ဒသမ၀၄၁)

ဦးလှရွှေ၊ အောင်ချမ်းသာရပ်ကွက်၊ မြေကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ဒသမ၀၆၂)

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထန်းတပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ယင်းမာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်းရပ်)၊ မြေကွက်အမှတ်(၂၂၁ ၏အတွင်းဘက်လက်ယာဘက်ခြမ်း)၊ အလျား(၃၀)ပေ၊ အနံ (၆၀)ပေ၊ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်မှ ရရှိလာမည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ပျိုပု(ဘ)ဦးစံမြ အမည်ပေါက်မြေကွက်ဖြစ်၍ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူများဖြစ်ကြသော ၎င်း၏ အမွေဆက်ခံသူများဖြစ်ကြသည့် ဦးလှမြင့်(ဘ)ဦးပေါက် ၉/ပမန(နိုင်)၁၁၃၇၂၃ ပါ-၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ဆန္ဒရှိပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးညွန့်(LL.B)** အထက်တန်းရှေ့နေ(စဉ်-၃၉၉၇၃) | **ဦးနေလင်းထွန်း(LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၅၁၃၉)

**အမှတ်(၅/၉-ခ)၊ ကျော်ညီနောင်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၃၀၂၀၂၄၆၊ ၀၉-၄၂၀၅၅၅၉၉၈**

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ် (ဥ-၆၂၅၅)၊ ဧရိယာ၀ဒသမ ၁၄၆ ဧက၊ အကျယ်အဝန်း (၈၀x၈၀)ပေရှ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ဝိုင်းနန္ဒာဇော (ဘ)ဦးကျော်မိုးဇော် ၉/ပမန(နိုင်)၁၅၈၄၈၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ၁၆-၆-၂၀၂၂ရက်တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အပြီးသတ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ဖြူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၉)**
**အမှတ် ၇၂၃၂၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်**
**ဥတ္တရ သီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၇၉၉၁၂၃၁၀၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ(၄)နေ ကျွန်တော် ဦးဇော်လွင် ၉/မထလ(နိုင်)၀၀၀၂၀၂နှင့် ကျွန်မ ဒေါ်အေးအေးမာ ၉/မထလ (နိုင်)၀၄၄၂၉၁ တို့၏ သားဖြစ်သူ မောင်ဇင်မင်းထိုက် ၉/မထလ(နိုင်) ၃၄၈၇၂၄ သည် မိဘများ၏ ဆိုဆုံးမမှုအား နာယူမှုမရှိဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါ၍ ယနေ့မှစပြီး ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိဘများ**

**ဦးဇော်လွင်-ဒေါ်အေးအေးမာ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ် (ခ/၇၈)၊ (၂)ခန်းတွဲ၊RC (၆)ထပ်တိုက် အဆောက်အအုံ၏ (၆)လွှာတိုက်ကို မျက်နှာမူလျှင်(ယာ)၊ ဧရိယာ ၅၁၇ စတုရန်းပေရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတိုကို လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အောင်နု ၁၂/လမန(နိုင်)၁၃၅၁၇၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သော ဒေါ်ဟေမာန်ချစ်အောင် ၁၄/ပတန(နိုင်)၁၅၂၅၈၇ က အပြီးအပြတ် ဝယ်ယူရန် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဟေမာန်ချစ်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ ၁၂လမ်း၊ အမှတ်၁၃၆ရှိ မြေတိုင်းရပ်ကွက်အမှတ် (င)၊မြေကွက်အမှတ်(၁၃၆)၊ မြေဧရိယာ ၂၄၀၀ စ/ပေ၊ အကျယ်အဝန်း(၄၀X၆၀)ပေ အမည်ပေါက် ဒေါ်ရင်ရင်ထွေး ၁၂/ဥကမ(နိုင်) ၀၈၅၁၃၇ နှင့် အမည်ဖြင့်တည်ရှိသော မြေကွက်နှင့် အဆောက်အအုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာတွင် ၎င်း၏ခင်ပွန်း ဦးကြည်ဝင်း ၁၂/ဥကမ(နိုင်)၀၈၆၉၁၉ မှလည်းကောင်း သဘောတူညီပါကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိဖြူ ၁၂/ဥကမ(နိုင်) ၂၁၅၄၃၈ မှ ၂၀-၇-၂၀၂၂ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေး ချေပြီး ကျန်ငွေများ အားလုံးကို ၁-၈-၂၀၂၃ရက်တွင် နှစ်ဘက်အပြီးသတ် ပေးချေဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြပြီး ဖြစ်ကြပါသဖြင့် မည်သူမဆို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထား အပြည့်အစုံတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် အပြီးသတ်ကို သတ်မှတ်ကတိပြုရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး**
**အထက်တန်းရှေ့နေ(စဉ်-၁၉၁၂၁)(၃၀-၆-၂၀၀၄)**
**အမှတ် ၂၂၄၈/ခ၊ ဇေယျဝတီ ၇လမ်း (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ၊ ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၄၂၀၇၀၂၀၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်း အနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄ ၂၆၃၊ ဒ-၄၂၆၄)၊ မြေဧရိယာ(၀ဒသမ၁၆၅)ကေရှိ ဒေါ်နော်မေရီစိုး(ဘ)ဦးခင်စိုး ၁၂/ရပသ(နိုင်)၀၄၅၇၈၂ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်(၂)ကွက်ကို အမည်ပေါက်ဖြစ်သူ ဒေါ်နော်မေရီစိုးမှ မြေငှားစာချုပ်မူရင်းတင်ပြပြီး မြေဧရိယာ(၀ဒသမ၀၈၂)ကေရှိ မြေကွက်(၁)ကွက်စီကို မြေငှားစာချုပ်(၂)အုပ်ဖြင့် မြေငှားစာချုပ်ခွဲစိတ်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် -၁၈၃

ဦးကျော်ဇော | နှင့် | ၁။ ဦးခင်မောင်ကြည်<br>၂။ ဒေါ်နွဲ့ယဉ်ကြည်<br>၃။ ဦးအောင်ခန့်
---|---|---
တရားနိုင် | | တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်၊ ကျီတော်ရပ်ကွက်၊ ကျီတော်အိမ်ရာ၊ အခန်းအမှတ်(၀၀၃၊ တိုက်အမှတ်(၂)နေ(၁) တရားရှုံး ဦးခင်မောင်ကြည်၊(၂) တရားရှုံး ဒေါ်နွဲ့ယဉ်၊(၃) တရားရှုံး ဦးအောင်ခန့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် -၉၃ တွင် ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးကျော်ဇောက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်)အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဩဂုတ် ၃ ရက်(၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းမြမြစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၅၄၂ )၊ မြေဧရိယာ(၀ဒသမ၁၄၆)ကေရှိ ဒေါ်ဥမ္မာအေး (ဘ)ဦးစစ်မောင် ၇/ပခန(နိုင်)၁၉၀၇၃၇ အမည်ပေါက် (ပါမစ်)မြေကွက်ကို ဒေါ်သီတာ(ခ)သီတာချိုဝင်း(ဘ)ဦးထွန်းကြည် ၅/ငဇန(နိုင်) ၀၃၈၆၆၂မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစ ခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ်-၁၂၀

**ကွယ်လွန်သူ ဦးကျော်မိုး၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာနေ ဦးကျော်မိုး(ကွယ်လွန်)အမည်ပေါက် မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်(၅၄၇/ညောင်ပင်ရှေ့)၊ ဦးပိုင်အမှတ် (၁၃/၁+၁၂/၃)၊ ဧရိယာ (၂ ဒသမ ၁၈ + ၀ ဒသမ ၈၀)ဧက လယ်မြေအား မူလပုံစံ(၇) ဦးကျော်မိုး အမည်ပေါက်မှ အမည်ပေါက်ပြောင်းလဲနိုင်ရန်အတွက် လျှောက်ထားသူမှ ပုသိမ်ကြီးမြို့နယ်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသို့ လျှောက်ထားဆောင်ရွက်နိုင်ရန်အတွက် အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နိုင်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူဒေါ်မာမာအေး)ကအမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် ဩဂုတ် ၁၅ရက် (၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ခင်ပွန်းဖြစ်သူ ဦးကျော်မိုး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က အမွေထိန်းလက်မှတ် လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စည်သူဝင်း)
ဒုတိယခရိုင်တရားသူကြီး (၉)
မန္တလေးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၂၅၅

ဒေါ်အေးယိမ်း နှင့် ဒေါ်မြသိန်း
**တရားလို** **တရားပြိုင်**

ဒေါ်မြသိန်း၊ အမှတ်(၇)၊ အနောက်မြို့ပတ်လမ်း၊ ဟံသာဦးရပ်၊ တောင်ကြီးမြို့ (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးယိမ်းက ဂရန်စာချုပ်မူရင်းနှင့်တကွ ဂရန်နှင့်ဆက်စပ်နေသော စာရွက်စာတမ်းများပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မာလာထွဋ်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ (၉)လမ်း၊ အမှတ်(၉၉၉/ခ)၊ မြေညီထပ်တိုက်(အပေါ်ဆုံး)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဒေါ်ချိုချိုခိုင် ၁၃/ကတန(နိုင်)၁၃၉၉၂၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ခိုင်ခိုင်မော်က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ခိုင်မော်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြသီတာ(LL.B)** (စဉ်-၁၁၉၀၁) **ဒေါ်အေးသန္တာမင်းအောင်(LL.B,D.B.L)** (စဉ်-၁၁၉၀၄)

**တရားလွှတ်တော်ရှေ့နေများ**
**SAFE LAW FIRM အမှတ်(၅၈/အေ)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၀၇၂၄၉၄**

## အမည်ပြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) အမက (၈) Grade-3 မှ (ဘ) ဦးရဲကျော်၏ သားဖြစ်သူ မောင်အောင်ခန့်ပိုင်အား မောင်ရဲလင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ထက်အကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်း Grade-10(Eco)မှ မောင်ရှိုင်းထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းမော်ဟိန်း ၅/ခဥန(နိုင်)၀၈၇၃၀၃ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/3953 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## အမည်ပြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးကျော်ထွန်းလှ ၁၂/တမန(နိုင်)၀၇၇၅၃၄ ၏သား မောင်ပိုင်ထက်ကျော် ၁၂/တမန(နိုင်)၁၃၄၄၄၉ အား မောင်ရဲဘုန်းမြတ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရဲဘုန်းမြတ်**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁၄

**ကွယ်လွန်သူ အရှင်ကုမာရ ၉/မနတ(သ)၀၀၃၃၇၄၊ ယဉ်ပုံပရိယတ္တိစာသင်တိုက်၊ယဉ်ပုံရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၌ ကျန်ရစ်သောပစ္စည်းအကြောင်း။**

ဦးဥတ္တမ ၉/မဟမ(သ)၀၀၂၀၁၁၊
ယဉ်ပုံပရိယတ္တိစာသင်တိုက်၊ယဉ်ပုံရပ်ကွက်၊
မဟာအောင်မြေမြို့နယ် **လျှောက်သူ**

ယဉ်ပုံပရိယတ္တိစာသင်တိုက်၊ ယဉ်ပုံရပ်ကွက်၊ မဟာအောင်မြေမြို့နယ်နေ ဦးဥတ္တမက ကွယ်လွန်သူ အရှင်ကုမာရ၏ တူတပည့်အရင်းဖြစ်သည်ဟူ၍ ယဉ်ပုံပရိယတ္တိစာသင်တိုက်၊ ယဉ်ပုံရပ်ကွက်၊ မဟာအောင်မြေမြို့နယ်နေ ၎င်းကွယ်လွန်သူ အရှင်ကုမာရမှာ ကျန်ရစ်သောပစ္စည်းများထဲမှရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ အရှင်ကုမာရမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက် (၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးဥတ္တမ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောသန်းဦး)
ဒုတိယခရိုင်တရားသူကြီး(၈)
မန္တလေးခရိုင်တရားရုံး

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆) ရပ်ကွက်၊ မြေကွက်အမှတ်(၁၈၂၄)ဟုခေါ်တွင်သော ပေ(၄၀x၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သူ ဦးအာမတ်ခေါ်ဘီ (ခ) ဦးကျော်သိန်း ၁၂/ဒဂတ(နိုင်)၁၃၃၆၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီကြသဖြင့် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်အောင်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၀၄၄၈)**
**အမှတ် (၆၉/၄-ဘီ)၊ ဗဟိုလမ်း၊ (၃) ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၈၁၇၀၂၈၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံး
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၂၄၅

KYING HONE CO.,Ltd နှင့် ကိုရဲရင့်နောင်
(ကုမ္ပဏီ၏ကိုယ်စားဦးကျော်ဇင်လတ်
မန်နေဂျာ)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်(၂၀) နေ ကိုရဲရင့်နောင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကုန်ဖိုးအကြွေးကောက်ခံရငွေကျပ် ၆၈၇၂၈၆၇၈နှင့် နစ်နာကြေးငွေ ၁၀ သိန်း၊ စုစုပေါင်းငွေကျပ် ၆၈၈၂၈၆၇၈ ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၁၀ရက်(၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဌေးလွင်)
ဒုတိယခရိုင်တရားသူကြီး(၅)
မန္တလေးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄/၅တိုးချဲ့)၊မြေကွက်အမှတ်(၁၃)၊ မြေကွက်တည်နေရာအမှတ်(၁၃)၊သုမင်္ဂလာလမ်း၊(၄/၅တိုးချဲ့)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးအေးထွန်းရွှေ(၉/ခအဇ(နိုင်)၀၁၃၆၄၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးအေးထွန်းရွှေ(ခင်ပွန်း)ကွယ်လွန်သဖြင့်တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း၊ကျမ်းကျိန်လွှာ(၇၀၄/၂၀၂၂)(၁၂.၅.၂၀၂၂)၊ထောက်ခံကျမ်းကျိန်လွှာ၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်းတို့တင်ပြ၍ဒေါ်ခင်မွေး(၁၀/မဒန(နိုင်)၀၁၀၆၉၈)ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူဦးအေးချမ်းသာ(၁၀/မဒန(နိုင်)၁၀၃၇၇၀)မှပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုတ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ(၇၀၄/၂၀၂၂)(၁၂.၅.၂၀၂၂)တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 30(T)/DPTSC (PSD)/22-23 | Galvanized Steel Tower များဝယ်ယူခြင်း |
| ခ | 31(T)/DPTSC (PSD)/22-23 | Disc Insulator နှင့် 132kV Post Insulator များ ဝယ်ယူခြင်း |
| ဂ | 32(T)/DPTSC (PSD)/22-23 | ဓာတ်အားလိုင်းအရန်ပစ္စည်းများဝယ်ယူခြင်း |
| ဃ | 33(T)/DPTSC (PSD)/22-23 | ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း |
| င | 34(T)/DPTSC (PSD)/22-23 | OPGW ကြိုးနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း |
| စ | 35(T)/DPTSC (PSD)/22-23 | RegionalControlCenterများတွင်လက်ရှိအသုံးပြုလျက်ရှိသည့် SCADA-EMS စနစ်အား တိုးချဲ့တပ်ဆင်အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်းနှင့် Installation and System Integration ပြုလုပ်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၄ - ၈ - ၂၀၂၂) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web - Portal (www.moee.gov.mm) တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ ခြေမြစ်ပင်ကျေးရွာ၊ ကွင်းအမှတ်(၂၀)ရှိ ပိုးဇာသုတေသနခြံမြေဧရိယာ(၁၀၆)ဧကအနက်မှ ပြင်ဦးလွင်-လားရှိုး လမ်းဘေးရှိ မြေ(၆)ဧက အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်၌ အခြားနည်းသုံးစွဲခွင့်များ ရရှိထားပြီး ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မိမိလက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြောကြားသူ ဦးကျော်ကျော်ဟိန်း (ဘ) ဦးဇော်ဝင်း၁၂/မဂတ(နိုင်)၀၃၁၁၅၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အခြားနည်းသုံးစွဲခွင့်များအပါအဝင် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေး စရန်ငွေများကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနိုင်မျိုးစိုးလျှံ (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၆၄၈၉)**
**၃၆(B)လမ်း၊ ၇၆ x၇၇ကြား၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/5597 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)၊ တောင်ကုန်းကြီးရပ်ကွက်နေ ဦးဌေးလွင် ၉/မဟမ(နိုင်)၀၀၄၄၃၁ ၏သားဖြစ်သူ မောင်စံမင်းပိုင် ၁၃/လရန(နိုင်)၂၄၃၂၆၆ သည် ဖခင်ကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် လုံးဝ(လုံးဝ)မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဌေးလွင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/4291 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/19742 Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမွန် ၉/ခအဇ(နိုင်)၀၁၅၈၁၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/98545 Lifan 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၉/မရမ(နိုင်)၀၅၉၅၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 20W/54014 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းစိန် ၉/မမန(နိုင်)၀၈၄၄၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/7168 TOYOTA TOWNACE KM51 pickup(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှခင် ၁/ဗမန(နိုင်)၀၃၆၈၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၁၇၉၂၃ Canda 125 M/C ယာဉ်လက်ဝယ်ရှိသူဦးကိုကိုဆန်း ၉/မဟမ(ပြု)၀၀၀၂၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**သွေးသည်အသက်**

## ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
# ဒေါ်တင်တင်(ခ)ကျန်းလင်လင်
## တက်သစ်စမူကြို ကျောင်းအုပ်
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၅၇၄ နေ (ဦးချစ်တင်-ဒေါ်ရင်)တို့၏သမီးကြီး၊ ဦးလှဝင်းအောင်(ညွှန်ကြားရေးမှူး၊စီးပွားကူးသန်း-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ညွန့်ညွန့်၊ ဦးစိုးကြည်-ဒေါ်ဟွာ၊ ဦးစိုးရှင်-ဒေါ်မြမြအေး၊ ဒေါ်ခင်စန်းရီ၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းဌေး၊ ဦးညွန့်ဝေ-ဒေါ်ခရစ္စတင်းချစ်၊ ဦးစိုးအောင်-ဒေါ်ခင်မိုးနွယ်တို့၏အစ်မကြီး၊ ဦးခင်မောင်လတ်-ဒေါ်သီတာအောင်၊ ဦးမျိုးဇော်အောင်-ဒေါ်ခင်မူ၊ ဦးသန်းထိုက်-ဒေါ်စန္ဒာအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးလေးယောက်တို့၏ အဘွား ဒေါ်တင်တင်သည် ၂၄-၇-၂၀၂၂ရက်(တနင်္လာနေ့)ညနေ ၅:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၂ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈၀
### ကွယ်လွန်သူ ဦးသောင်းလင်း ၏ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်ညိုဌေး ၈/ထလန(နိုင်) ၀၀၄၈၁၆ — လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးထွန်းစိန်ကုန်းလမ်း၊ အမှတ်၁၁၉၅(ဂ)တွင် နေထိုင်သော ဒေါ်ညိုဌေး က ကွယ်လွန်သူ ဦးသောင်းလင်း၏ တူမအရင်းဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ် ကွက်၊ ဦးထွန်းစိန်ကုန်းလမ်း၊ အမှတ်၁၁၉၅(ဂ)နေ ၎င်းကွယ်လွန်သူ ဦးသောင်းလင်းမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးသောင်းလင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ် ဩဂုတ်လ ၁၀ရက် (၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ညိုဌေး၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်မရသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဇူလိုင်လ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးမြင့်ဦး)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

---

## အများသိစေရန်

မော်လမြိုင်မြို့၊ စက်မှုဇုန်၊ ဘုရားကုန်းရပ်ကွက်၊ ဘုရားကုန်းလမ်း၊ အမှတ်(၂၉၉)ဟုခေါ်တွင်သော တိုက်အိမ်တစ်လုံး၊ ရေ၊ မီးအစုံနှင့် (၄၀x၆၀) ပေအကျယ်ရှိ မြေကွက်ကို ဒေါ်သဇင်ဖွေး ၁၀/မလမ(နိုင်)၂၈၇၈၅၇က ပိုင်ဆိုင်ပါသည်။

အထက်ပါအိမ်နှင့်မြေအား ဒေါ်သဇင်ဖွေး(ပိုင်ရှင်)၏သဘောတူညီမှုမရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်း မပြုရန်တားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သဇင်ဖွေး** | **ဦးစောဝင်း(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၄၉၆၁/၁၉၈၉)** |
| | **ရုံး-ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၊** |
| | **ဓနသိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊** |
| | **သန်လျင်မြို့၊ ဖုန်း-၀၉-၂၅၄၁၄၃၃၇၁** |

---

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏ ရပ်ကွက်၊ မြတ်လေးဖြူ ၁၄လမ်း၊ အကွက်အမှတ်(၃၂၃၂၀)၊ ဂရန်ပေါက် အမည် ဒေါ်အေးပြည့်ပြည့် ၇/အတန(နိုင်)၀၆၇၃၀၅၏ မြေငှားဂရန် ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

---

### ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက်ကော်ရပ်ကွက်၊ ကွင်းအမှတ်(၅၈၇ᶜ)၊ ပဲခူးစုကွင်း၊ ဦးပိုင်အမှတ်(၁၁ᵏ)၊ မြေရိယာ(၀ဒသမ၇၀) ကေအနက္ခ(၀ဒသမ ၂၁) ကေရှိ မြေကွက်အား အရှေ့ဘက် ဦးပိုင်အမှတ် (၂၂+၂၃)၊ အနောက်ဘက်-မော်လမြိုင်-ရန်ကုန်ကားလမ်း၊ တောင်ဘက်-ဦးပိုင်အမှတ်(၁၁ᵏ) ၊ မြောက်ဘက်-ဦးပိုင်အမှတ်(၁၀)ရှိမြေကို ဘိုးဘပိုင်မြေအမည်ပြောင်းပေးရန် ဒေါ်ရတနာကျော်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**သထုံမြို့။**

---

### ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက်ကော်ရပ်ကွက်၊ ကွင်းအမှတ် (၅၈၇ᶜ)၊ ပဲခူးစုကွင်း၊ ဦးပိုင် အမှတ် (၁၁ᵏ)၊ မြေဧရိယာ (၀ဒသမ၇၀) ကေအနက္ခ (၀ဒသမ၂၄) ကေရှိမြေကွက်အား အရှေ့ဘက်-ဦးပိုင်အမှတ် (၂၂+၂၃) ၊ အနောက်ဘက်-မော်လမြိုင် - ရန်ကုန်ကားလမ်း ၊ တောင်ဘက်- ဦးပိုင်အမှတ် (၁၁ᵃ+၁၅+၁၆)၊ မြောက်ဘက်-ဦးပိုင် အမှတ် (၁၁ᵏ) ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း) ပေးရန် ဒေါ်နွဲ့နွဲ့ရီမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ( ၂၁ )ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**သထုံမြို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဆရာကြီး ဒေါ်ဓမ္မသီရိ(ခ)ကျောင်းအုပ်ဆရာမကြီး
# ဒေါ်ကြည်မြိုင်
## (နန်းဦးရွာ၊ ရေစကြို)
## အသက်(၈၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ နန်းဦးရွာနေ (ဦးဘခင်-ဒေါ်ရွှေလယ်)တို့၏သမီး၊ (ဦးတင်ဖုန်း-ဒေါ်သိန်းသိန်း)၊ (ဦးပေါ်ခိုင်-ဒေါ်သောင်း)၊ (ဦးတင်ဦး)-ဒေါ်ကြည်လှိုင်တို့၏ညီမ၊ ပခုက္ကူမြို့နေ ဦးအုန်းမောင်-(ကျောင်းအုပ်ဆရာမကြီးဒေါ်စမ်းစမ်း)တို့၏အစ်မ၊ ရန်ကုန်မြို့၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၃၉-ခ)နေ(ဦးတင်သိန်း)၏ဇနီး၊ ဒေါ်သီတာသိန်း (Winner Plastic-MODERN Factory)၊ ဦးတင်ဝင်း-ဒေါ်နီလာသိန်း၊ ဦးကျော်မင်းသိန်း-ဆရာမ ဒေါ်နွယ်နွယ်အေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မအိမ္ဗန်သိန်း၊ မောင်နိုင်မင်းထက်၊ မောင်ရှင်ပိုင်မင်းတို့၏ ချစ်လှစွာသောအဘွားသည် ၂၅-၇-၂၀၂၂ ရက်(တနင်္လာနေ့) နံနက် ၉:၅၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၂ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ငြင်းချက်ထုတ်ရန်သမ္မာန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျိုင်းတုံခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၁

| | | |
|---|---|---|
| ဒေါ်ဒေါလေ | နှင့် | ဒေါ်စန်းငွေ |
| **တရားလို** | | **တရားပြိုင်** |

ကျိုင်းတုံမြို့၊ နောင်ကုန်ကျေးရွာအုပ်စု၊ နောင်ကုန်ရွာနေ ဒေါ်စန်းငွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ ရပ်ကွက်(၁) ယန်းခမ်းအောက်ရွာနေ ဒေါ်ဒေါလေက ချေးငွေကျပ်သိန်း(၁၀၀)နှင့် နစ်နာကြေးငွေ ကျပ်သိန်း(၂၀) စုစုပေါင်း ငွေကျပ်သိန်း(၁၂၀)ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် (၁၃၈၄ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင်လ(၂၀)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စခိုင်ကျော်ဌေး)
ဒုတိယခရိုင်တရားသူကြီး
ကျိုင်းတုံခရိုင်တရားရုံး

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၉၆၉၃၈ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုးထိုက် ၉/လဝန(နိုင်)၁၅၀၅၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(နေပြည်တော်ရုံး)

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၉၆၀၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြအေး ၁၀/မလမ(နိုင်) ၀၉၃၁၄၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၈၃၇၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကျော်ဝင်း ၁၀/ကမရ(နိုင်)၀၆၉၄၄၁က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

---

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကုန်းရိပ်သာ၊ ၂ လမ်း၊ အမှတ် ၄၁/၆ တွင်နေထိုင်သော ဦးရဲမင်းလွင် ၁၂/ဗဟန (နိုင်)၀၉၈၇၇၀)ကိုင်ဆောင်သူ ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ (၁၁-၆-၂၀၂၂)ရက်စွဲပါ (အများသိစေရန် အသိပေး ကြေညာချက်)ခေါင်းစဉ်ပါရှိသော ဒေါ်ကွန်သီး ၉/မကန(နိုင်)၁၀၈၅၉၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးပိုအေးနှင့် ဦးအောင်သော်ဖြိုးတို့ နှစ်ဦးမှ ကြော်ငြာထားသော ကြော်ငြာချက်အား အောက်ပါအတိုင်း ကန့်ကွက်ကြော်ငြာ အပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်ကွန်သီးမှာ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းကြသည်မှာ (၉)နှစ်ခန့်ရှိပြီဖြစ်ပြီး ယနေ့အချိန်ထိ မည်သည့်ရုံးတွင်မှလည်းကောင်း၊ မည်သည့်ရှေ့နေရှေ့ရပ် ရှေ့တွင်မှလည်းကောင်း၊ ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရလည်းကောင်း၊ တရားဝင်ကွာရှင်းပြတ်စဲရသေးခြင်းမရှိသေးကြောင်းနှင့် (၁၄-၉- ၂၀ ၂၁) ရက်တွင် ကွာရှင်းပြတ်စဲထားသည်ဆိုခြင်းမှာလည်း ဟုတ်မှန်မှုမရှိသလို ကျွန်ုပ်မိတ်ဆွေမှလည်း လက်မှတ်ထိုး၍ ကွာရှင်းပြတ်စဲပေးခြင်းတစ် ကြိမ်တစ်ခါမှလည်းမရှိပါ။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေမှ ပြုလုပ်ချုပ်ဆိုပေးခြင်းမရှိသော (၁၄-၉-၂၀၂၁)ရက်စွဲပါ ကွာရှင်းစာချုပ်နှင့် ပတ်သက်၍ စာချုပ်အား မမှန်မကန်ပြုလုပ်ကြသူများအားလုံးအား ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်ကွန်သီးတို့နှစ်ဦးမှာ ယနေ့အချိန်ထိ တရားဝင်လင်မယားဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခင်ဇော်ထွန်း (LL.B.)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁ ၂၆၉၉**
**ဖုန်း-၀၉-၄ ၂၀၀ ၂၉၈၇၉**
**အမှတ်-၆၁၁(က)၊ ရတနာသီရိလမ်း၊ ၈၂/ ၃၃/၁၀-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်**

---

## နှစ်ပတ်လည်လွမ်းဆွတ်သတိရအမျှဝေခြင်း

**ဗိုလ်မှူးချုပ်ဝင်းရှိန်(ငြိမ်း)၊ (ကကလျှပ်)(ဆိပ်ကမ်းစွမ်းအားပြည့်) (၁၈-၇-၂၀၁၁)၊ ဒေါ်ခင်မေသန်း(၂၇-၇-၂၀၂၁)၊ ဦးမျိုးအောင် (ရွှေသံလွင်)၊ (MAG)(၂၃-၇-၂၀၂၁) ဇူလိုင်လ** အတွင်း ကွယ်လွန်ခဲ့ကြသော ကျေးဇူးရှင် ဖခင်၊ မိခင်နှင့် မောင်/အကိုကြီးတို့ကို အစဉ်အမြဲသတိရလျက်ပါ၊ လစဉ်/နှစ်စဉ် ပြုလုပ်ခဲ့သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးအလှူဒါနများနှင့် ဆွမ်းပဒေသာပင် လှူဒါန်းမှု ကုသိုလ်များကိုလည်း အမျှပေးဝေပါတယ်။

မြင့်မြတ်ရာ ဘုံဘဝမှ သာခုခေါ်ပါ။

**ကျန်ရစ်သူ သား/သမီး/မြေးများ**

---

## တစ်နှစ်ပြည့်သတိရလွမ်းဆွတ်ခြင်း
## ဒုရဲမှူး အေးကျော် (ငြိမ်း)(သတင်းတပ်ဖွဲ့)
## ကိုယ်ပိုင်နံပါတ်- ရဲ ၃၆၈၉
## အပတ်စဉ်(၁၇)

**ကိုအေး**

မောင်လေး အစ်မတွေနဲ့ မိသားစုကို ရုတ်တရက်ခွဲခွာသွားခဲ့တာ (၂၇-၇-၂၀၂၂) ရက်မှာ တစ်နှစ်တိတိပြည့်ခဲ့ပြီး မင်းအတွက် လစဉ်လတိုင်း ကုသိုလ်ကောင်းမှုတွေ ဆက်ပေးနေပါတယ်။ ကောင်းတဲ့ဘုံဘဝ ရောက်ရှိပြီး ပြုသမျှကုသိုလ်တွေကို ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ပြီး ကုသိုလ်အဖို့ဘာဂကို ထပ်တူထပ်မျှ ရရှိပါစေ ကိုအေးရေ အမျှ အမျှ အမျှ ပါ...

**မကြီးတူးနဲ့မိသားစု**

---

### မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
### မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
### မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့
### စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest-EoI)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တည်ဆောက်ပြီးဖြစ်သည့် မကွေးမြို့၊ ကမ်းနားလမ်းရှိ ညဈေးတန်းနှင့် ဆက်စပ်လုပ်ငန်းများ ကြီးကြပ်လုပ်ကိုင်ခြင်းအား ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ လုပ်ငန်းအပ်နှံ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် စိတ်ဝင်စားမှု ဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest-EoI)အား အောက်ဖော်ပြပါအတိုင်း တင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၃၄၀၉၃၃သို့ ဖုန်းဖြင့်လည်းကောင်း၊ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း စုံစမ်းနိုင်ပါသည်-

(က) **အဆိုပြုလွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၆-၈-၂၀၂၂ရက် ညနေ ၄:၃၀နာရီ

(ခ) **တင်သွင်းရမည့်နေရာ** - ဈေးနှင့်သားသတ်ဌာနစိတ်၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး

**မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

---

### မွေးသက္ကရာဇ်အမှန်

သထုံမြို့နယ်၊ နောင်ဘို ကျေးရွာနေ ဦးချစ်မြိုင်-ဒေါ်ခင်ထွေး တို့၏သား မောင်မျိုးဆက်သာ ၁၀/သထန(နိုင်) ၂၆၆၂၇၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၅-၂၀၀၁ ဖြစ်ပါကြောင်း။

---

### ဖခင်အမည်မှန်

လောင်းလုံးမြို့နယ်၊ အမက သဗ္ဗာကျောင်းမှ စတုတ္ထတန်းအောင် မောင်ခန့်ဝေယံဟိန်း၏ ဖခင်အမည်မှန်မှာ ဦးရင်အေး ၆/လလန(နိုင်) ၀၇၀၉၅၄ ဖြစ်ပါကြောင်း။

**ဦးရင်အေး**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/5609 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## ဖခင်မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ဂုဏ်ထူးဦးမောင်မောင် ကိုယ်ပိုင် အထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မဆုမြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးကြည်မင်းအောင် ၁၂/ကမတ(နိုင်)၀၆၁၂၆၄ နှင့် မိခင် အမည်မှန်မှာ ဒေါ်မေပိုင်ချို ၁၄/ဟသတ(နိုင်)၂၂၁၈၅၁ ဖြစ်ပါကြောင်း။

**ဦးကြည်မင်းအောင်-ဒေါ်မေပိုင်ချို**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျောက်မဲမြို့၊ အမှတ်(၆)ရပ်ကွက်၊ နယ်မြေ(၅)၊ ဘုရားလမ်း၊ ကွင်းအမှတ် (၃၄)၊ ဦးပိုင်အမှတ်(၁/ဏ)၊ မြေကွက်ကို ဒေါ်စောမြအမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ် (၂၆၈/၁၉၉၆-၉၇)ဖြင့် (၁၃-၁၂-၁၉၉၆)ရက်မှ(၁၂-၁၂-၂၀၁၆)ရက်ထိနှစ်(၂၀)သက်တမ်းဂရန်ကို ရရှိပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အမှုတွဲမူရင်းသည် ပျောက်ဆုံးပျက်စီးသွားပါသဖြင့် ဦးကျော်သန်း-ဒေါ်စောမြတို့ ကွယ်လွန်ပြီးဖြစ်၍ ဦးကျော်သန်း-ဒေါ်စောမြတို့၏ သမီးအရင်းများဖြစ်သော ဒေါ်သန်းကြူ ၁၃/ကမန(နိုင်)၀၁၄၇၅၄၊ ဒေါ်သန်းစိန် ၁၃/ကမန(နိုင်) ၀၁၄၇၇၁တို့အမည်ဖြင့် ဂရန်အမည်ပြောင်းလဲဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထား အပြည့်အစုံ မူရင်းများနှင့်အတူ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဂရန်အမည်ပြောင်းလဲ ဆောင်ရွက်ခြင်းကိစ္စများကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းခမ်းအောင်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၅၇/၂၀၁၅)**
**လောကနတ်ဥပဒေအကျိုးဆောင်ရုံးခန်း၊ တရားရုံးအနီး၊ ပင်လုံလမ်း၊ ကျောက်မဲမြို့**

---

## အမွေစားအမွေခံ ကိတ္တိမ သားအဖြစ်မွေးစားခြင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ညဏ်ကန်ကျေးရွာနေ ဒေါ်စံပယ် ၉/သစန(နိုင်)၁၃၆၂၇၇ ၏သား မောင်ကောင်းခန့်ကျော်အား မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၊ညဏ်ကန်ကျေးရွာနေ ဦးစိုင်းကိုကိုမင်း ၉/သစန(နိုင်)၁၅၅၀၁၈ နှင့် ဒေါ်ခင်မျိုးခိုင် ၉/သစန(နိုင်)၁၈၂၂၇၆တို့က မွေးစားမိဘများအဖြစ် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံ ကိတ္တိမသားအဖြစ် မွေးစားလိုက်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးစိုင်းကိုကိုမင်း-ဒေါ်ခင်မျိုးခိုင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ငွေ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၂၇)**
**၃၈လမ်း၊ အမှတ် (၁) သာယာအေးရပ်**
**သာစည်မြို့၊ ဖုန်း-၀၉-၄၄၄၀၃၉၈၅၉**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/43557, Honda CIOOMP ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မောင်မောင်သွင် ၉/မထလ(နိုင်) ၂၉၆၄၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

---

### ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက်ကော်ရပ်ကွက်၊ ကွင်းအမှတ်(၅၈၇ᶜ)၊ ပဲခူးစုကွင်း၊ ဦးပိုင်အမှတ်(၁၁ᵏ)၊ မြေရိယာ(၀ဒသမ၇၀) ကေအနက္ခ(၀ဒသမ၂၅)ကေရှိမြေကွက်အား အရှေ့ဘက်-ဦးပိုင်အမှတ်(၂၂+၂၃)၊ အနောက်ဘက်- မော်လမြိုင်- ရန်ကုန်ကားလမ်း၊ တောင်ဘက်-ဦးပိုင်အမှတ်(၁၁ᵏ)၊ မြောက်ဘက်-ဦးပိုင်အမှတ်(၁၀)ရှိမြေကို (ဘိုးဘပိုင် မြေအမည်ပြောင်း) ပေးရန် ဦးဇေယျာထွန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၁ရက်မတိုင်မီဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**သထုံမြို့**

ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။

အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသော စက်ရုံကြီးများသို့ ပို့လွှတ်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးခံရခြင်းနှင့် ဓာတ်အားလိုင်းများ ဖျက်ဆီးခံရခြင်းတို့ကြောင့် ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေနှင့် ပို့လွှတ်၊ ဖြန့်ဖြူးမှုအခြေအနေတို့ကို အများပြည်သူသို့ သိရှိနိုင်ရန် အသိပေးပန်ကြားခြင်း

၂၀၂၂ ခုနှစ် ဇူလိုင် ၂၆

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပြည်သူလူထုနှင့် စက်မှုလက်မှု လုပ်ငန်းများတွင် ဓာတ်အား သုံးစွဲနိုင်ရန်အတွက် ဓာတ်အား ထုတ်လုပ်ပေးခြင်းနှင့် ဓာတ်အားပို့လွှတ်၊ ဖြန့်ဖြူးပေးခြင်းများကို စဉ်ဆက်မပြတ် ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုးတက်သုံးစွဲလာသည့် ဓာတ်အား သုံးစွဲမှုများအတွက်လည်း တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂။ ပုံမှန်အချိန်တွင် အမြင့်ဆုံး ဓာတ်အား ထုတ်လုပ်နိုင်မှုသည်

စာမျက်နှာ ၁၂ ကော်လံ ၁ ❂



၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင် ဓာတ်အားလိုင်းမှ ပြိုလဲပျက်စီးနေသည့် တာဝါတိုင်အမှတ် (၄၅) ကို တွေ့ရစဉ်။

### ယနေ့ သတင်းအညွှန်း

**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်**

ပြည်တွင်းသတင်း စာ - ၁၁

**ဂျပန်နိုင်ငံတွင် လူခုနစ်ဦးကို သတ်ဖြတ်မှုကျူးလွန်သူအား သေဒဏ်စီရင်ချမှတ်**

နိုင်ငံတကာသတင်း စာ - ၁၃

**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၉၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၇ ဒသမ ၅၂ ကီလို ဖမ်းဆီးရမိ**



ပြည်တွင်းသတင်း စာ - ၁၆

## အာဆီယံ ယူ-၁၈ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးတက်ရေး အရေးပါသည့်ပွဲအဖြစ် မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်

ရန်ကုန် ဇူလိုင် ၂၆

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ကို ဇူလိုင် ၂၇ ရက် **(ယနေ့)**တွင် အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေး အရေးပါသည့်ပွဲအဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စု (ခ) ဒုတိယနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊

စာမျက်နှာ ၁၀ ကော်လံ ၅ ❖

## မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် တပ်ကုန်းကျေးရွာအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လက်နက်ငယ်၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ကာ မီးရှို့ခဲ့မှုကြောင့် ကျေးရွာနေ အမျိုးသား လေးဦးနှင့် အမျိုးသမီး သုံးဦးသေဆုံးကာ အမျိုးသား တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ် ၄၁ လုံး မီးလောင်ပျက်စီးဆုံးရှုံး

**နေပြည်တော် ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် တပ်ကုန်းကျေးရွာအား ဇူလိုင် ၂၆ ရက်က PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လက်နက်ငယ်၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ကာ မီးရှို့ခဲ့မှုကြောင့် ကျေးရွာနေ အမျိုးသားလေးဦးနှင့် အမျိုးသမီးသုံးဦး သေဆုံးခဲ့ကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ် ၄၁ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် ပေါက်မြို့နယ် တပ်ကုန်းကျေးရွာအား PDF အမည်ခံအကြမ်းဖက်အဖွဲ့အင်အား ၃၀၀ ခန့်က ကျေးရွာ၏ တောင်ဘက် မီတာ ၄၀၀ ခန့်အကွာမှ လက်နက်ငယ်၊ လက်လုပ်

စာမျက်နှာ ၁၇ ကော်လံ ၁ ◆